**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၉၇)

၁၃၈၇ ခုနှစ်၊ ဝါဆိုလကွယ်နေ့
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ ကြာသပတေးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက် သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်းမြို့အား ပြန်လည်ထိန်းချုပ်

**နေပြည်တော် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်အတွင်းရှိသပိတ်ကျင်းမြို့သည် မန္တလေးတိုင်းဒေသကြီး၏ မြောက်ဘက်အကျဆုံး မြို့နယ်ဖြစ်သည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ရှိ မြို့များနှင့်နယ်နိမိတ်ချင်းထိစပ်နေပြီး ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းပေါ်၌ရှိသော သင်္ဘောဆိပ်မြို့လည်းဖြစ်သည်။ သပိတ်ကျင်းမြို့သည် မန္တလေးမြို့နှင့် ရေကြောင်းအားဖြင့် ၇၇ မိုင်ခန့်သာဝေးကွာပြီး မန္တလေး၊ ဗန်းမော်၊ မြစ်ကြီးနား အစုန်-အဆန်သွားလာနေသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အဖွဲ့မှသင်္ဘောကြီးများနှင့် မန္တလေးနှင့်သပိတ်ကျင်း အစုန်-အဆန် သွားလာနေသည့် ကူးတို့သင်္ဘောငယ်များလည်းရှိသဖြင့် ရေကြောင်းသွားလာရေးနှင့်ကုန်သွယ်မှုကောင်းမွန်သည့်မြို့တစ်မြို့ ဖြစ်သည်။ ကုန်းလမ်းကြောင်းအနေဖြင့် မိုးကုတ်မြို့နှင့် မိုင် ၄၀ ခန့်၊ မန္တလေးမြို့နှင့် မိုင် ၆၀ ခန့်ဝေးပြီး ယင်းမှတစ်ဆင့် မိုးမိတ်၊ ဗန်းမော်၊ မြစ်ကြီးနားစသည့် ကချင်ပြည်နယ်ဘက်သို့လည်းကောင်း၊ ကျောက်မဲ၊ သီပေါစသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့လည်းကောင်း၊ မန္တလေးမြို့သို့လည်းကောင်း၊ ဆက်သွယ်သွားလာနိုင်သည့် အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ ◆**



အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်မှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့မ ရဲစခန်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်မှုကိုတွေ့ရစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၄ ရက်)

# မြန်မာ့အားကစား အမြင့်ဆုံးအောင်မြင်မှုရရှိရေး

စင်ကာပူနိုင်ငံ၌ ဇူလိုင်လ ၁၂ ရက်မှ ၁၃ ရက်အထိကျင်းပသော စင်ကာပူတာတိုဖလားကန္နား/ကယက်လှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ ကန္နား/ကယက်လှေလှော်အားကစားအဖွဲ့သည် ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် လေးခု ထိုက်ထိုက်တန်တန်ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲသို့ နိုင်ငံခြောက်နိုင်ငံမှပြိုင်ပွဲဝင်အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းအနေဖြင့် နိုင်ငံအလိုက်ပထမရရှိခဲ့သည်။ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံတွင် ဇူလိုင်လ ၇ ရက်မှ ၁၂ ရက်အထိကျင်းပသည့် အာရှလူငယ်သက်တန်းကြက်တောင်ပြိုင်ပွဲတွင် မြန်မာလူငယ်လက်ရွေးစင်အားကစားသမားများက ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် ရှစ်ခုရရှိခဲ့သည်။ အားကစားနည်းအမျိုးမျိုးမှ ရွှေတံဆိပ်နှင့်အခြားဆုများရရှိခြင်းမှာ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတွင်ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့်လည်း ဆုတံဆိပ်များ များစွာရရှိအောင် စွမ်းဆောင်နိုင်ရေးကို ပြည်သူလူထုတစ်ရပ်လုံးမျှော်လင့်စောင့်စားလျက်ရှိသည်။ နိုင်ငံတော်တာဝန်ကိုအားကစားကဏ္ဍဖြင့် ထမ်းဆောင်နေကြသူများအတွက် အားကစားကဏ္ဍအောင်မြင်ရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် ပြိုင်ပွဲတိုင်းတွင်အနိုင်ရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သယ်ပိုးထမ်းဆောင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံကို နိုင်ငံတကာနည်းတူ ဘက်ပေါင်းစုံတွင် ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံအားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျအစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာနိုင်ငံတော်အလံကို လွှင့်ထူအလေးပြုခြင်းမြင်ကွင်းများကို နိုင်ငံသူ၊ နိုင်ငံသားအားလုံးက မြင်တွေ့လိုကြသည်။ ထို့ကြောင့် ပြိုင်ပွဲဝင်အားကစားသမားအားလုံးက မိမိတို့တတ်ကျွမ်းသည့်ပညာရပ်အလိုက် ယှဉ်ပြိုင်ရသည့်ပွဲတိုင်းတွင် အောင်မြင်မှုရရှိရေးကို မိမိအသက်နှင့်ထပ်တူအရေးကြီးသည်ဟု ခံယူထားကြရမည်ဖြစ်သည်။ မိမိတစ်ဦးတစ်ယောက်ရှုံးနိမ့်ခြင်းသည် နိုင်ငံတော်အတွက်ဆုံးရှုံးမှုဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ငွေကုန်ကြေးကျခံကာ အားကစားကိုမြှင့်တင်အားပေးလျက်ရှိသည်။ အောင်မြင်မှုရရှိသည့်အခါလည်း အောင်မြင်မှုနှင့်ထိုက်တန်သည့် ဂုဏ်ပြုချီးမြှင့်မှုများဆောင်ရွက်ပေးလျက်ရှိသည်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ၏ကိုယ်စားသွားရောက်ယှဉ်ပြိုင်သည့်အားကစားမောင်မယ်တို့ကို ကြိုးစားမှုရလဒ်များအပေါ်မူတည်ပြီး နိုင်ငံတော်အနေဖြင့် ဂုဏ်ပြုဆုငွေနှင့်တံဆိပ်များ ထိုက်တန်စွာပေးအပ်ချီးမြှင့်လျက်ရှိသည်။

အားကစားသမားများအနေဖြင့် မိမိတို့တစ်ဦးချင်းအောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်မှုအတွက် ဆုများထိုက်တန်စွာ ချီးမြှင့်ခြင်းခံရသကဲ့သို့ ထိုသို့ထူးချွန်စွာဆုရရှိအောင် ထိန်းကျောင်းလေ့ကျင့်ပေးသည့် နည်းပြနှင့်အုပ်ချုပ်သူများသည်လည်း ဂုဏ်ပြုချီးမြှင့်ခြင်းခံကြရသည်။ ထို့ပြင် အားကစားအောင်မြင်မှုကို ပြည်သူတစ်ရပ်လုံး အားရဝမ်းသာအားပေးကြသည်။ စိတ်ကြည်နူးပျော်ရွှင်စွာ မြန်မာဟူသောအားပေးသံများညံစီလာသည်။ ကြိုးစားသူတိုင်းအတွက် အောင်မြင်မှုရရှိမည်ဖြစ်သလို အောင်မြင်သူတိုင်းအတွက်လည်း ထိုက်တန်သောဂုဏ်ပြုချီးမြှင့်မှုပေးလျက်ရှိသည်။ ပြိုင်ပွဲတွင် အောင်နိုင်ရေးနှင့်အမိနိုင်ငံတော်၏ဂုဏ်မြှင့်တင်ရေးတာဝန်ကြီးကို နိုင်ငံတော်ကပေးအပ်ထားပြီးဖြစ်သည့်အတွက် မြန်မာ့အားကစားအဖွဲ့ဝင်အားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုအရင်းတည်ပြီး အစွမ်းကုန်ကြိုးပမ်းကြရမည်ဖြစ်သည်။

အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုကိုဖော်ထုတ်ပြသနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ယှဉ်ပြိုင်မှုမျိုးဖြစ်သည်။ အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတကာအားကစားပြိုင်ပွဲတစ်ရပ်ကို နိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ရခြင်းမှာ ထူးခြားသည့် ဂုဏ်ဒြပ်နှင့်အခွင့်အလမ်းဖြစ်သည်။ "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်"ဆိုသည့်ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓာတ်သည် တိုင်းပြည်ချစ်စိတ်ကိုဖြစ်ပေါ်စေသည်။ မြန်မာအားကစားသမားများအားလုံးအနေဖြင့် နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကိုမြှင့်တင်နိုင်ရေးဟူသည့် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခန်းကြိုးပမ်းယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ အနိုင်မခံအရှုံးမပေးသည့် ကြံ့ခိုင်သောစိတ်ဓာတ်၊ မလျှော့သောဇွဲ၊ လုံ့လတို့ဖြင့်ရင်ဆိုင်ယှဉ်ပြိုင်ကြပြီး ဆုတံဆိပ်များရရှိအောင်စွမ်းဆောင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား Biometric အချက်အလက်ကောက်ယူခြင်းနှင့် Smart Card များ ထုတ်ပေးခြင်းဆောင်ရွက်

ပဲခူး ဇူလိုင် ၂၃

ပဲခူးမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာ လိမ်လည်ထုတ်ယူခြင်းမှကင်းဝေးနိုင်စေရန်၊ လူပုဂ္ဂိုလ်မှန်ကန်မှုရှိ၊ မရှိ စိစစ်နိုင်စေရန်နှင့် ခေတ်မီနည်းပညာအသုံးပြုနိုင်ရန်၊ မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ e-ID စနစ်တို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် Biometric အချက်အလက်ကောက်ယူခြင်းနှင့် Smart Card များ ပြုလုပ်ပေးခြင်းကို ဇူလိုင်လ ၂၃ ရက်နံနက်ပိုင်းတွင် ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ကြကြောင်းသိရသည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ Demographic အချက်အလက်များနှင့် Biometric အချက်အလက်များ ပါဝင်သည့် Unique Identification (UID)နံပါတ် ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ပေးကြသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပဲခူးမြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများက Biometric အချက်အလက်ကောက်ယူခြင်းနှင့် Smart Card များ ပြုလုပ်ဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်နိုင်နှင့်အဖွဲ့များက လိုက်လံကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

အဆိုပါ Smart Card များကို အငြိမ်းစားဝန်ထမ်းများအနေဖြင့် မှတ်ပုံတင်ကတ်နှင့်ပင်စင်ကတ်တို့ယူဆောင်လာရန်လိုအပ်မည်ဖြစ်ပြီး ဇူလိုင်လ ၂၁ ရက်မှ ၂၅ ရက်အထိ ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လစာလာရောက်ထုတ်ယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား Smart Card များဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ပေ ၈၀ ကွန်ကရစ်တံတားတည်ဆောက်နေမှုကွင်းဆင်းစစ်ဆေး

ဓနုဖြူ ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် တကုတ်ချောင်း ပေ ၈၀ ကွန်ကရစ်တံတားတည်ဆောက်နေမှုအခြေအနေကို ဇူလိုင်လ ၂၂ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ မအူပင်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးနန္ဒာစိုးနှင့်တာဝန်ရှိသူများက ကျားချောင်း-တကုတ်ချောင်းကျေးရွာချင်းဆက်လမ်းပေါ်တွင် ပေ ၈၀ တံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးကျော်ကျော်ထွေးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့်လိုအပ်သည်များမှာကြားသည်။

ကျားချောင်း-တကုတ်ချောင်းကျေးရွာချင်းဆက်လမ်းပေါ်တွင်တည်ရှိသည့် တံတားသည် အရှည်ပေ ၈၀၊ အကျယ်ပေ ၂၀ ရှိကာ ခွင့်ပြုအလေးချိန်တန် ၂၀ အထိ ဖြတ်သန်းအသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါတံတားတည်ဆောက်ပြီးစီးပါက အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၅ ရွာ၊ အိမ်ခြေ ၂၄၃၁ အိမ်၊ ဒေသခံပြည်သူ ၁၀၇၁၀ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးကိစ္စများ၊ ဒေသထွက်ကုန်ပစ္စည်းများကို လွယ်ကူလျင်မြန်စွာ ပို့ဆောင်ရောင်းဝယ်နိုင်သောကြောင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

ဇင်မာ

## MWD Education, Knowledge & Sports Channel

၂၄-၇-၂၀၂၅(ကြာသပတေးနေ့)

| | | | | |
|---|---|---|---|---|
| ၁။ | ၀၇:၀၀ | - | ၀၈:၃၂ | Grade - 8 မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ | - | ၁၆:၃၉ | Grade - 8 အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၃၉ | - | ၁၇:၂၄ | Grade - 8 သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၇:၂၄ | - | ၁၈:၂၅ | Grade - 8 သမိုင်း၊ သိပ္ပံ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပန်းကလေးများ မနွမ်းစေဖို့

ဒေါက်တာဇင်ဇေယျာဝင်း


ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်း ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုများ(CSA– Child Sexual Abuse)ကို မီဒီယာများတွင် အကြိမ်ကြိမ်ကြားသိနေရသည်။ သို့သော် ကျွန်ုပ်တို့ မြင်တွေ့နေရသည်မှာ ရေခဲတောင်ကြီး၏ ရေပေါ်တွင်ပေါ်နေသော အစိတ်အပိုင်းငယ်လေးမျှသာဖြစ်ပြီး ရေအောက်တွင်နစ်မြုပ်လျက်ရှိသော အစိတ်အပိုင်းများ၏ပမာဏကိုမူ မည်သူမျှ အပြည့်အဝမသိနိုင်ကြပေ။ CSA သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် စိုးရိမ်ဖွယ်ရာတိုးပွားလျက်ရှိသော လူမှုပြဿနာတစ်ရပ်ဖြစ်သည်။ ကုလသမဂ္ဂ၏ ၂၀၂၃ ခုနှစ် အစီရင်ခံစာအရ ကမ္ဘာ့ကလေးငယ်များ၏ ၂၀ ရာခိုင်နှုန်းခန့်သည် CSA ကို ကြုံတွေ့နေရသည်ဟုခန့်မှန်းရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်ကပြဋ္ဌာန်းခဲ့သော ကလေးသူငယ်အခွင့်အရေးဥပဒေဖြင့် CSA ကို တင်းကျပ်စွာတားမြစ်ထားသော်လည်း အမှန်တကယ်အရေးယူမှုနှုန်း နည်းပါးနေဆဲဖြစ်သည်။ U–Report ၏ မြန်မာနိုင်ငံအတွင်း CSA ဆိုင်ရာ သုတေသနစစ်တမ်းအတွင်း ပါဝင်ဖြေဆိုသူအားလုံး၏ ၅၁ ရာခိုင်နှုန်းက မိမိတို့နေထိုင်ရာပတ်ဝန်းကျင်တွင် CSA များရှိကြောင်း အတည်ပြုခဲ့သည်။ ဤပြဿနာ၏ပိုမိုနက်ရှိုင်းသောအချက်မှာ လူမှုရေးယဉ်ကျေးမှုအရ CSA ကို ဖုံးကွယ်လေ့ရှိခြင်းနှင့် အစီရင်ခံမှုနည်းပါးခြင်းတို့ကြောင့် စာရင်းဇယားများတွင်ဖော်ပြထားသည်ထက် အမှန်တကယ်ဖြစ်ပွားနှုန်း ပိုမိုမြင့်မားနေခြင်းဖြစ်သည်။

## CSA ၏အဓိပ္ပာယ်နှင့် အမျိုးအစားများ

CSA(Child Sexual Abuse)ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများဆိုသည်မှာ လူကြီးတစ်ဦးဦး သို့မဟုတ် အသက်ပိုကြီးသူတစ်ဦးက ကလေးတစ်ဦးအား အာဏာ၊ ယုံကြည်မှု၊ စီးပွားရေးကို အလွဲသုံးစားပြု၍ လိင်မှုကိစ္စအတွက်စော်ကားခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် သက်ငယ်မုဒိမ်းမှုအဖြစ် ဥပဒေအရ အရေးယူခံရနိုင်သည်။ CSA ကို အဓိကအားဖြင့် ထိတွေ့ကိုင်တွယ်မှုပါသောအလွဲသုံးစားမှုများ (ဥပမာ – လိင်အင်္ဂါထိတွေ့ခြင်း၊ အဓမ္မပြုကျင့်ခြင်း)နှင့် ထိတွေ့မှုမပါသော အလွဲသုံးစားမှုများ (ဥပမာ – လိင်ပိုင်းဆိုင်ရာရုပ်ပုံပြသခြင်း၊ အွန်လိုင်းမှ နှောင့်ယှက်ခြင်း)ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၂ ခုနှစ် အချက်အလက်များအရ အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကလေးများသည် CSA ခံရနိုင်ခြေအမြင့်ဆုံးဖြစ်ပြီး ကျူးလွန်သူများ၏ ၉၁ ရာခိုင်နှုန်းမှာ ကလေး၏မိသားစုဝင်၊ ဆွေမျိုး သို့မဟုတ် ရင်းနှီးကျွမ်းဝင်သူများဖြစ်နေတတ်သည်။ ဤအချက်က ကလေး၏စိတ်ဒဏ်ရာကို ပိုမိုနက်ရှိုင်းစေသည်။ CSA တွင် လိင်မှုဆိုင်ရာစကားများအတင်းပြောစေခြင်း၊ ကလေးအား လိင်လုပ်သားအဖြစ်အသုံးချခြင်း(Child Trafficking)၊ ကလေးများအား လိင်မှုကိစ္စအတွက် ဓာတ်ပုံ/ဗီဒီယိုရိုက်ကူးခြင်း၊ အွန်လိုင်းမှတစ်ဆင့်ခြိမ်းခြောက်ခြင်း(Cyber Grooming)ကဲ့သို့သော ရှုပ်ထွေးသည့်ပုံစံများလည်းပါဝင်နိုင်သည်။ အထူးသတိပြုရမည့်အချက်မှာ CSA သည် မိန်းကလေးများတွင်သာမက ယောကျ်ားလေးများတွင်လည်းဖြစ်ပွားနိုင်ပြီး ယောကျ်ားလေးများတွင် အစီရင်ခံမှုနှုန်း ပိုမိုနည်းပါးလေ့ရှိသည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်မှစ၍ အွန်လိုင်းမှ CSA အမှုများတိုးပွားလာသည်ကိုတွေ့ရှိရသည်။ CSA ၏အခြားသော အန္တရာယ်ရှိသည့်ပုံစံတစ်ခုမှာ “Child Marriage” (ကလေးအား အတင်းအကျပ်လက်ထပ်စေခြင်း)ဖြစ်ပြီး ကျေးလက်ဒေသများတွင် ပိုမိုအဖြစ်များလေ့ရှိသည်။

## CSA ၏လက္ခဏာများနှင့် ရေရှည်ဆိုးကျိုးများ

CSA အပြုလုပ်ခံရသောကလေးငယ်များတွင် ရုပ်ပိုင်းဆိုင်ရာလက္ခဏာများအဖြစ် လိင်အင်္ဂါနာကျင်ခြင်း၊ ယားယံခြင်း၊ မလိုလားအပ်သော ကိုယ်ဝန်ရရှိခြင်းနှင့် HIV/AIDS အပါအဝင် လိင်မှတစ်ဆင့် ကူးစက်သောရောဂါများ ကူးစက်ခံရနိုင်ခြေမြင့်မားစွာတွေ့ရှိရသည်။ စိတ်ပိုင်းဆိုင်ရာ လက္ခဏာများတွင် ကလေးငယ်များကြောက်ရွံ့လွန်ခြင်း၊ အိပ်မက်ဆိုးများမက်ခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် မိမိကိုယ်ကို သတ်သေရန်စဉ်းစားခြင်းများပါဝင်သည်။ ကလေး ၇၅ ရာခိုင်နှုန်းခန့်သည် CSA ဖြစ်စဉ်ကို အနည်းဆုံး ၅ နှစ်အထိ ဖုံးကွယ်ထားတတ်ပြီး ယင်းမှာ ကျူးလွန်သူ၏ ခြိမ်းခြောက်မှု၊ အပြစ်ရှိသည်ဟုခံစားရမှုနှင့် မိသားစုဂုဏ်သိက္ခာကို စိုးရိမ်ခြင်းတို့ကြောင့်ဖြစ်သည်။ လူမှုရေးဆိုင်ရာဆိုးကျိုးများအဖြစ် ကျောင်းစွမ်းဆောင်ရည်ကျဆင်းခြင်း၊ လူမှုဆက်ဆံရေးတွင် ယုံကြည်မှုပျောက်ဆုံးခြင်းများဖြစ်ပေါ်တတ်သည်။ CSA အပြုလုပ်ခံရသော ကလေးများ၏ ၆၀ ရာခိုင်နှုန်းခန့်တွင် Post–Traumatic Stress Disorder (PTSD) စိတ်ဒဏ်ရာနောက်ဆက်တွဲရောဂါလက္ခဏာများဖြစ်ပေါ်တတ်ပြီး




၄၅ ရာခိုင်နှုန်းခန့်တွင် နှစ်ရှည်လများစိုးရိမ်စိတ်လွန်ကဲခြင်း (Anxiety Disorder) ကို ခံစားရတတ်သည်။ ရေရှည်တွင် CSA အပြုလုပ်ခံရသူများသည် အရွယ်ရောက်လာသည့်အခါ မူးယစ်ဆေးစွဲခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းကဲ့သို့သော အန္တရာယ်ရှိသည့်အပြုအမူများကို ပိုမိုပြုလုပ်တတ်ပြီး အိမ်ထောင်ရေးနှင့်အလုပ်အကိုင်ဘဝတွင် အခက်အခဲများ ကြုံတွေ့ရနိုင်ကြောင်း သုတေသနတွေ့ရှိချက်များက ဖော်ပြထားသည်။ မိဘများအနေဖြင့် သတိထားရမည့်အချက်များမှာ ကလေး၏ အပြုအမူများရုတ်တရက်ပြောင်းလဲခြင်း (ဥပမာ – ရေချိုးခန်းဝင်ရန် ငြင်းဆန်ခြင်း၊ အခြားသူများနှင့်ထိတွေ့ရန် ရှောင်ဖယ်ခြင်း)၊ အသက်အရွယ်နှင့်မလိုက်အောင် လိင်ပိုင်းဆိုင်ရာအကြောင်း အသိပညာများပြောလာခြင်းတို့ဖြစ်သည်။ CSA ၏ ဆိုးရွားသောအချက်တစ်ခုမှာ ကလေးငယ်များဖွံ့ဖြိုးမှုဆိုင်ရာ အာဟာရချို့တဲ့ခြင်း (Stunted Growth)နှင့် ဦးနှောက်ဖွံ့ဖြိုးမှုနှေးကွေးခြင်းတို့ကို ဖြစ်စေနိုင်သည့်အချက်ဖြစ်သည်။

## CSA ကို ကာကွယ်ရန်နည်းလမ်းများ

ကလေးများကို CSA မှ ကာကွယ်ရန် “လုံခြုံသောထိတွေ့မှု” နှင့် “မလုံခြုံသောထိတွေ့မှု” တို့ကို ခွဲခြားသိရှိအောင် ပညာပေးရမည်။ ကလေးများအား ကိုယ်ခန္ဓာအကြောင်းသင်ကြားပေးပြီး တစ်ပါးသူထိတွေ့ခွင့်မပေးရမည့်အစိတ်အပိုင်းများ (Private Parts) အကြောင်း ရှင်းလင်းစွာပြောပြရမည်။ “မိမိခန္ဓာကိုယ်ကိုမိမိပိုင်ဆိုင်သည်” ဟူသော အသိစိတ်ကို ကလေးငယ်ဘဝကတည်းက မွေးမြူပေးခြင်းဖြင့် CSA ကိုကာကွယ်နိုင်သည်။ ကလေးများအား တစ်စုံတစ်ယောက်က ဘယ်သူ့မှ မပြောနဲ့လို့ ခြိမ်းခြောက်လာပါက မိဘ/ယုံကြည်ရသူကို ချက်ချင်းပြောရန် သင်ကြားပေးရမည်။ မိဘများအနေဖြင့် ကလေး၏အပြုအမူပြောင်းလဲမှုကို နေ့စဉ်စောင့်ကြည့်ပါ။ ရုတ်တရက်စကားပြောနည်းလာခြင်း၊ အိပ်မက်ဆိုးမက်ခြင်း၊ ကျောင်းစွမ်းဆောင်ရည်ကျဆင်းခြင်းများကို သတိထားပါ။ ကျောင်းများတွင် CSA ကာကွယ်ရေးသင်ခန်းစာများ ထည့်သွင်းသင်ကြားပေးရမည်။ ကလေးများအား တစ်စုံတစ်ယောက်က CSA ပြုလုပ်လာပါက လုပ်ဆောင်ရမည့် “NO–GO–TELL” (ငြင်းဆို–ထွက်ပြေး–ပြောပြ) နည်းလမ်းကို လက်တွေ့သင်ကြားပေးခြင်းဖြင့် အန္တရာယ်ကိုတုံ့ပြန်နိုင်စွမ်းမြှင့်တင်ပေးနိုင်သည်။ အွန်လိုင်းလုံခြုံရေးအတွက် ကလေး၏ အင်တာနက်အသုံးပြုမှုကိုစောင့်ကြည့်ပါ။ မသင့်လျော်သော ဆက်သွယ်မှုများ၊ ဗီဒီယိုစာမျက်နှာများမှကာကွယ်ရန် Parental Control Software များ တပ်ဆင်ပေးပါ။ မိဘနှင့် သားသမီးအကြား ယုံကြည်စိတ်ချရသောဆက်ဆံရေးတည်ဆောက်ပါ။ CSA ကာကွယ်ရေးတွင် အရေးကြီးဆုံးအချက်မှာ ကလေးများ၏စကားကိုနားထောင်ပေးခြင်းနှင့် ယုံကြည်မှုပေးခြင်းဖြစ်သည်။

## CSA ကြုံလာပါက တုံ့ပြန်ဆောင်ရွက်နည်းများ

ကလေး၏စကားကို အပြစ်မတင်ဘဲနားထောင်ပါ။ ကလေးကိုယုံကြည်ကြောင်း၊ ကလေးမှာ အပြစ်မရှိကြောင်း ရှင်းလင်းစွာပြောဆိုပါ။ သံသယဖြစ်ဖွယ်အခြေအနေများတွေ့ပါက ရဲတပ်ဖွဲ့(အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာ)၊ ဖုန်း 199 (မြန်မာနိုင်ငံရဲတပ်ဖွဲ့အရေးပေါ်ဖုန်း)၊ အနီးစပ်ဆုံးရဲစခန်းသို့ဆက်သွယ်ပါ။ နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ သွားရောက်ကာ ဒဏ်ရာများ၊ လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများနှင့် စိတ်ဒဏ်ရာများအတွက် ချက်ချင်းစစ်ဆေးကုသမှုခံယူပါ။ ဖြစ်စဉ်ကို လူမှုကွန်ရက်ပေါ်တွင်မဖော်ပြဘဲ သက်ဆိုင်ရာအာဏာပိုင်များသို့သာ အကြောင်းကြားပါ။ တရားဥပဒေဆိုင်ရာအကူအညီရယူရန် ရဲစခန်းတွင် အမှုဖွင့်ပါ။ သက်သေအထောက်အထားများ (အဝတ်အစား၊ မက်ဆေ့ချ်များ)ကို မဖျက်ဘဲသိမ်းဆည်းထားပါ။ ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးဥပဒေအရ CSA ကျူးလွန်သူများအား ထောင်ဒဏ် နှစ် ၂၀ မှ တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်သည်။ လိုအပ်လျှင် ကလေးသူငယ်စိတ်ကျန်းမာရေးပညာရှင်နှင့်ချိတ်ဆက်ကာ ကုသမှုခံယူပါ။ ကျူးလွန်သူနှင့် ထပ်မံမထိတွေ့စေရန် ယုံကြည်စိတ်ချရသောမိသားစုဝင်များနှင့်သာ နေထိုင်စေပါ။ အခြားကလေးများနှင့် အတူတူထားပါ။ တစ်ယောက်တည်းမနေစေရ။ CSA ခံရသောကလေးများသည် နှစ်ပေါင်းများစွာ စိတ်ဒဏ်ရာကိုခံစားရနိုင်သဖြင့် မိသားစုအနေဖြင့် စိတ်ရှည်လက်ရှည် စောင့်ရှောက်ပေးရန် လိုအပ်သည်။

CSA သည် ကလေးများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ထိခိုက်စေသည့် ကြီးမားသောအန္တရာယ်တစ်ခုဖြစ်ပြီး ကျွန်ုပ်တို့လူ့အဖွဲ့အစည်း၏အနာဂတ်ကို ခြိမ်းခြောက်နေသော ပြဿနာဖြစ်သည်။ ထို့ပြင် CSA အပြုလုပ်ခံရသောကလေးများ သေချာစွာပြုစုစောင့်ရှောက်မှုမခံရဘဲ ကြီးပြင်းလာပါက လူကြီးဘဝတွင် အလားတူ အကြမ်းဖက်မှုများပြုလုပ်နိုင်ခြေ သုံးဆပိုများကြောင်း သုတေသနတွေ့ရှိချက်များက ဖော်ပြထားရာ ဤပြဿနာသည် မျိုးဆက်တစ်ခုမှတစ်ခုသို့ ကူးစက်တတ်သောအရာတစ်ခုအဖြစ်ရှိနိုင်သည်ကို သတိပြုရန်လိုအပ်သည်။ သို့ဖြစ်၍ CSA ဖြစ်ပွားမှုမှကာကွယ်ရန် မိဘများ၊ ဆရာများနှင့် လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးပူးပေါင်းပါဝင်ရန် အရေးကြီးသည်။ CSA ကို ထိရောက်စွာတားဆီးနိုင်ရန်အတွက် ကလေးများအား လုံခြုံစွာနေထိုင်နည်းပညာပေးခြင်း၊ ဥပဒေအရအရေးယူဆောင်ရွက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုများပေးခြင်းတို့ကို အချိန်မီဆောင်ရွက်ရမည်။ ကလေးတိုင်းသည် မိမိတို့၏ ခန္ဓာကိုယ်နှင့် စိတ်ကို လုံခြုံစွာကာကွယ်နိုင်စွမ်းရှိရမည်ဖြစ်ပြီး ဤအခွင့်အရေးသည် ၎င်းတို့၏အခြေခံလူ့အခွင့်အရေးတစ်ရပ်လည်းဖြစ်သည်။ ထို့ကြောင့် “ကလေးတိုင်းသည် လုံခြုံစိတ်ချရသောဘဝတစ်ခုကို ရပိုင်ခွင့်ရှိသည်” ဟူသောအသိဖြင့် လူတိုင်းက CSA ကာကွယ်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း အလေးထားတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်သည် သူ၏သက်သာငြိမ်းချမ်းပုံကိုမြင်ရ၍ သူ၏ပရမ္မရကုသိုလ်ကံထောက်ပံ့ခြင်းကို သာဓုခေါ်မိပြီး အားကျသယောင်ရှိပါသည်။ ဤတွင် ကျွန်ုပ်၏ယောက်ယက်ခတ်အကျိုးပေးပုံကို မကျေနပ်သလိုလိုဖြစ်လာမိ၏။ သို့သော် သံသရာဝဲသြဃ၌ မျောကြရသော သတ္တဝါများသည် တစ်ခါတစ်ရံ ရေသာခိုခွင့်ရခြင်းကြောင့် သက်သာသည်မှန်သော်လည်း ရေကိုဆန်၍ ပင်ပန်းစွာလှော်ခတ်ရသော လူများကဲ့သို့ ကြွက်သား (Muscle) မတက်ဘဲရှိတတ်ခြင်းနှင့် ကျွန်ုပ်၏အတွေ့အကြုံများအတွက်ကြောင့် ရရှိထားသည့် သင်ခန်းစာများသည်လည်း ဘဝသံသရာခရီးတွင် ကြီးစွာသော အထောက်အပံ့ဖြစ်စေနိုင်ပေသည်တကားဟု စဉ်းစားသောအားဖြင့် မိမိကိုယ်ကို ဖြေဆည်နိုင်ပါသည်။

## ဈာပနနှင့်ကြုံရခြင်း

ကျွန်ုပ် ကပိုင်ရွာ၌ရှိစဉ် ဒေါ်စု၏ ညီမ မသက်ရှည်သည် လပေါင်းများစွာ နာတာရှည်ရောဂါ ခံစားရပြီးနောက် ကွယ်လွန်အနိစ္စရောက်ရှာလေပြီ။ ကျွန်ုပ်သည် အလောင်းအနီး၌မတ်တတ်ရပ်၍ ကြည့်နေမိစဉ် အသက်ငါးဆယ်အရွယ်ရှိနေပြီဖြစ်သော မသက်ရှည်၏ ပုံသဏ္ဍာန်ပျောက်သွား၍ ဦးစွန်းဖုတ်သျှောင်ထုံးလေးနှင့် ဆယ်နှစ်သမီးအရွယ်က နော်မန်ကျောင်းသူအား တေးထပ်လေးတစ်ပုဒ်ပို့ပေးဖူးသည့် မသက်ရှည်၏ ရုပ်လေးပေါ်လာခြင်းကို မှတ်မိပါသေးသည်။ "လူကြီးတွေ သိသွားမှဖြင့် ကျွန်မကိုဆူလိမ့်မယ် ကိုဖေသိန်းရဲ့"ဟု သူကပြောရှာသည်တွင် "မသိနိုင်ပါဘူးကွယ်၊ စာအုပ်ထဲညှပ်ပေးတာကပဲ"ဟု ကျွန်ုပ်က ပြန်ပြောခြင်းကိုလည်း အမှတ်ရပါသေးသည်။ သူ၏အစ်မကြီး ဒေါ်စုသည် ကျွန်ုပ်နှင့်ရွယ်တူချင်းဖြစ်၍ အရွယ်ရောက်လာကြသောအခါတွင် (မြန်မာလူမျိုးတို့၏ထုံးစံအတိုင်း ) ခေါ်ခေါ်ပြောပြောမဟုတ်တော့ဘဲ အပျို၊ လူပျိုလေးများအဖြစ်နှင့် ခပ်တန်းတန်းနေလာကြတော့သည်ဖြစ်ရာ မသက်ရှည်မှုကား ကျွန်ုပ်ထက် ငါးနှစ်ခန့်ငယ်၍ ကျွန်ုပ်၏နှမလေးနှင့် ရွယ်တူလိုဖြစ်ပြီး ခင်မင်ရင်းနှီးစွာဆက်ဆံကြသည် ဖြစ်သောကြောင့် အပျိုလေးအရွယ်တိုင်အောင် ကျွန်ုပ်နှင့်လည်း ခေါ်ခေါ်ပြောပြောပင် ဆက်ဆံခဲ့ကြသည်။ (မသက်ရှည်သည် ဦးထင်၏ အစ်ကိုဆရာရှင်နှင့်အိမ်ထောင်ကျ၍ မုဆိုးမအဖြစ်နှင့် ဆယ်နှစ်ခန့်အသက်ရှင်လျက်ကျန်ရစ်ခဲ့ခြင်းဖြစ်လေရာ ဆရာရှင်မှာ ဦးထင်ကဲ့သို့ 'ဘာသိဘာသာ'နေတတ်သူမဟုတ်သဖြင့် မန္တလေးမြို့တွင် အတော်လူသိများခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်လေသည်။) မသက်ရှည်မှာ ဒေါ်စုတို့ ညီအစ်မရှစ်ယောက်အနက်တွင် ကျွန်ုပ်နှင့် အရင်းနှီးဆုံးသော မိန်းကလေးဖြစ်၍ နှမလေးသဖွယ် ခင်မင်ခဲ့သဖြင့် သူ၏သေဆုံးခြင်းအတွက် စိတ်၌အတော်ထိခိုက်ပါသည်။ မသက်ရှည်သည် ကပိုင်ရွာ၌ ကျွန်ုပ်ရှိနေခိုက်တွင် ကွယ်လွန်ခြင်းဖြစ်သော်လည်း သန်းခေါင်ကျော်အချိန်တွင် ကွယ်လွန်ရှာခြင်းဖြစ်သောကြောင့် (ကျွန်ုပ်၏ကံကောင်းသော ထုံးစံအတိုင်း) သူ၏အသက်ငင်ခြင်းကို ကျွန်ုပ်မမြင်ရပေ။ မသက်ရှည်ကား ကျွန်ုပ်၏အသက်တာတွင် ချစ်ကြိုက်မှုအလျဉ်းကင်း၍ ဖြူစင်စွာခင်မင်သည့် မိန်းမများအနက်တွင် ထိပ်ဆုံးက တစ်ယောက် ဖြစ်ပါပေသည်။

## ပထမဦးဆုံး ဂုဏ်ပြုပွဲ

ဈာပနကိစ္စပြီးသည်နောက် ကျွန်ုပ်သည် ဒေါ်စုသို့ချဉ်းကပ်၍ အရောင်းအဝယ်အလုပ်တစ်ခုအတွက် (ဝက်အူချောင်းလုပ်ရောင်းဖို့ဟု မပြောဘဲ) အရင်းအနှီးလိုသဖြင့် ငွေ ၁၀၀၀ ကျပ် ချေးဖို့ပြောရာ ရှောရှောရှူရှူပင် ချေးပါပေသည်။ ထို့နောက် မောင်လှနှင့် မအမာတို့ထံမှလည်း စာတစ်အုပ်ရေးပေးပါမည်ဆိုကာ ငွေ ၅၀၀ ကျပ် စရန်ယူခဲ့ပါသည်။ (စစ်ကြီးပြီး၍ လူထုသတင်းစာ အယ်ဒီတာချုပ်ဖြစ်လာသောအခါတွင် ကျွန်ုပ်ချေးယူထားသော ငွေတစ်ထောင်အတွက် ဘယ်လောက်ဆပ်ရပါမည်နည်းဟု ဒေါ်စုအားမေးရာ ဒေါ်စုကမူလကတည်းက ချေးသည်ဟု သဘောမထားပေးခြင်းဖြစ်သောကြောင့် ပြန်ဆပ်ဖို့မလိုကြောင်း ပြောပြပါပေသည်။ ဦးလှနှင့် ဒေါ်အမာတို့အားမူ သူတို့၏အလုပ်တိုက်တွင် ကျွန်ုပ်က အလုပ်သမားတစ်ယောက်အဖြစ်နှင့် ကူညီဆောင်ရွက်နေပြီဖြစ်သောကြောင့် ပြန်ဆပ်ဖို့အကြောင်း ကျွန်ုပ်ကလည်းမပြော။ သူတို့ကလည်း စကားမစပ်ကြပါပေ။) အပြန်ခရီးတွင် ကျွန်ုပ်သည် မင်းကွန်းဘက်ရှိ မိတ်ဆွေတစ်ယောက်နှင့်တွေ့လိုသဖြင့် ထိုဘက်မှလှည့်၍ပြန်ခဲ့၏။ မင်းကွန်းတွင် မာလာအမှူးရှိသော စာရေးဆရာလေးများက လက်ဖက်ရည်ပွဲနှင့် ဂုဏ်ပြုညှော့ခံကြသည်နှင့် စာရေးဆရာ အစုလိုက်အဖွဲ့လိုက်ကို ပထမအကြိမ်တွေ့ဆုံခဲ့ရဖူးသည်။ ရန်ကုန်၌ နေစဉ်က မောင်လှ၊ ဇဝနစသောလူငယ်စာရေးဆရာများအသင်းအဖွဲ့ ပြုလုပ်ကြသော်လည်း ဘယ်အခါမှ ကျွန်ုပ်အပါအဝင်မပြုခဲ့ချေ။ ကျွန်ုပ်မှာ မည်သည့်အရာတွင်မှ ခေါင်းဆောင်လုပ်လိုသော ဆန္ဒလည်းမရှိ။ (တတ်လည်းမတတ်) အသင်းအဖွဲ့အနေဖြင့် ခံစားရသော အကျိုးကျေးဇူးများကိုလည်း မမျှော်လင့်ဘဲ မိမိ၏စိတ်ကူးနှင့် နှလုံးသွင်းတရားအလိုက် ငြိမ်းချမ်းစွာနေလိုသူတစ်ယောက်ဖြစ်ပါသည်။

> "အပြန်ခရီးတွင် ကျွန်ုပ်သည် မင်းကွန်းမှ ပဒူဘူတာသို့ လှည်းနှင့်သွားရမည်ဖြစ်ရာ မသွားဖူးသော ခရီးလမ်းတစ်ခုကိုသွားရမည့်အတွက်ကြောင့် စိတ်ဝင်စားမှုရှိခြင်းနှင့်အတူ စိုးရိမ်မကင်းသောစိတ်လည်းဖြစ်မိပါသည်။ စိုးရိမ်မကင်းဖြစ်ရခြင်းမှာ တောလမ်းကြီးသက်သက်ဖြစ်၍ လှည်းပေါ်တွင် တစ်ယောက်တည်းလိုက်ရမည့်အပြင် ကပိုင်ရွာမှရခဲ့သည့် ငွေ ၁၅၀၀ ကျပ်ကလည်းပါလာသောကြောင့်ဖြစ်၏။ (ထီးချိုင့်ဘက်ဆီ၌ ကြက်ရောင်း၍ ပြန်လာသောကြက်သည်၏ ငွေ ၁၇ ကျပ်ကိုယူပြီး လူသတ်ခဲ့သည်ဟု မကြာမီက ကြားဖူးထား၏။). . ."

ဂုဏ်ပြုပွဲမှာ မင်းကွန်းဘုရားကြီး တန်ဆောင်းတစ်ခုတွင် ကျင်းပရာ စာရေးဆရာအရေအတွက် သုံး၊ လေးယောက်မျှသာ ရှိသော်လည်း စာပေဝါသနာပါသူများလည်း တက်ရောက်ကြခြင်းကို တွေ့ရသဖြင့် တော်တော်စည်စည်ကားကားဖြစ်အောင် ကြိုးစားထားကြပုံရသည်။ ကျွန်ုပ်အား စကားပြောဖို့ တောင်းပန်ကြသေးရာ အလေ့အကျင့်လည်းမရှိ။ စဉ်းစားထားခြင်းလည်းမရှိ။ လေးလေးနက်နက်ပြောနိုင်မှ ပြောချင်တတ်သော ဝါသနာလည်းရှိသည်ဖြစ်၍ ကျေးဇူးတင်ခြင်းလောက်မှတစ်ပါး ဘာများပို၍ပြောနိုင်ခဲ့သေးသည်ဟု ကျွန်ုပ်မမှတ်မိပါ။ ညှော့ခံသူများက ကြိုတင်ပြင်ဆင်ဖို့ အချိန်မရသည့်အတွက်ကြောင့် (ကျွန်ုပ်က တစ်ရက်ပင် ပို၍ မနေနိုင်ကြောင်းငြင်းခဲ့သည်။) သိုက်သိုက်ဝန်းဝန်းသားသားနားနားဖြစ်အောင် မလုပ်ရ၍အားမရကြောင်းပြောကြရာ ကျွန်ုပ်ကလည်း သြဝါဒပေးဖို့စကားများ စဉ်းစားချိန်မရသည့်အတွက် အားရပါးရမပြောနိုင်၍ ဝမ်းနည်းကြောင်း ဖြန်းခဲ့ရသည်။ အမှန်မှာ ဤမျှထက် ပို၍ပြောတတ်မည်လည်း မဟုတ်ပါ။ (စာရေးဆရာကြီးဖြစ်လာသော ဤနောက်ပိုင်း၌မူ ရန်ကုန်သို့ရောက်သည့်အခါတိုင်းလိုပင် လူငယ်စာရေးဆရာလေးများက ဂုဏ်ပြုပွဲမလုပ်လျှင် ဝတ္တရားပျက်ကွက်သည့် အနေမျိုးယူဆထားသည့် လက္ခဏာရှိပေရာ ကျွန်ုပ်၏သဘောမှာမူ ကျွန်ုပ်ထံသို့ တစ်ယောက်စီလာကြ၍ အာလာပသလ္လာပစကားပြောဖော်ရလျှင် တော်လောက်ပြီဟု ထင်မြင်ပါသည်။)

## ဦးထွန်းလှအောင်

အပြန်ခရီးတွင် ကျွန်ုပ်သည် မင်းကွန်းမှ ပဒူဘူတာသို့ လှည်းနှင့်သွားရမည်ဖြစ်ရာ မသွားဖူးသော ခရီးလမ်းတစ်ခုကိုသွားရမည့်အတွက်ကြောင့် စိတ်ဝင်စားမှုရှိခြင်းနှင့်အတူ စိုးရိမ်မကင်းသော စိတ်လည်းဖြစ်မိပါသည်။ စိုးရိမ်မကင်းဖြစ်ရခြင်းမှာ တောလမ်းကြီး သက်သက်ဖြစ်၍ လှည်းပေါ်တွင် တစ်ယောက်တည်းလိုက်ရမည့်အပြင် ကပိုင်ရွာမှရခဲ့သည့် ငွေ ၁၅၀၀ ကျပ်ကလည်း ပါလာသောကြောင့်ဖြစ်၏။ (ထီးချိုင့်ဘက်ဆီ၌ ကြက်ရောင်း၍ ပြန်လာသောကြက်သည်၏ ငွေ ၁၇ ကျပ်ကိုယူပြီးလူသတ်ခဲ့သည်ဟု မကြာမီကကြားဖူးထား၏။) ကျွန်ုပ်သည် လမ်းခရီး၌လုံခြုံမှုရှိပါ၏လောဟု မိတ်ဆွေတစ်ယောက်အား စုံစမ်းကြည့်ရာ ဤနယ်တစ်ခုလုံးတွင် သူခိုး၊ ဓားပြတစ်ယောက်မျှမရှိကြောင်းကို ရာဇဝင်နှင့်တကွပြောပြလေ၏။ ဂျပန်ဝင်ခါစအချိန်၌ ရွှေဘိုနယ်တစ်ဝိုက်တွင် သူခိုး၊ ဓားပြထူထပ်ခဲ့ဖူးရာ ဝက်လက်သို့ ရာဇဝတ်ဝန် ဦးထွန်းလှအောင် ရောက်လာ၍ နာမည်ကြီးသော လူဆိုး ၁၂ ယောက်ခန့်ကို တန်းစီပြီး ပစ်သတ်သွားကတည်းက တစ်နယ်လုံး ခိုးမှု၊ တိုက်မှုများ တစ်ခုမျှမပေါ်ပေါက်ကြောင်း ပြောပြလေသည်။ ဤအဖြစ်အပျက်မှာ ဝက်လက်သို့ ကျွန်ုပ်မရောက်မီကဖြစ်၍ ကျွန်ုပ်ကြားဖူးပါ၏။ သို့ရာတွင် စစ်ကိုင်းတစ်လျှောက်သို့တိုင်အောင် ငြိမ်ဝပ်ပိပြားမှုရှိသည်ဆိုခြင်းကိုမူ ထိုသူပြောမှ သိရပါသည်။ တချို့လူများက တရားရုံးသို့မတင်ဘဲ ပစ်သတ်ခြင်းဖြစ်၍ ရက်စက်သည်ဟုပြောသော်လည်း နယ်တစ်ခုလုံးငြိမ်သွားခြင်းမှာ ကျွန်ုပ်၏ကိုယ်တွေ့ဖြစ်၏။ ဤမျှသာမကသေး။ ကျွန်ုပ်စုံစမ်းကြည့်သောအခါတွင် ပစ်သတ်ခြင်းခံရသော လူများသည် အမှန်စစ်စစ် လူကျယ်လူစွာများဖြစ်ကြောင်း တစ်နယ်လုံးကပြောကြ၏။

ဆက်လက်ဖော်ပြပါမည်။

# မိတ္ထီလာမြို့ ဝန်ဇင်းကန်ပေါင် မိတ္ထီလာမြောက်ကန်နှင့် မိတ္ထီလာ-မြင်းခြံကားလမ်းဘေးဝဲယာ၌ အရိပ်ရပန်းအလှပင်များစုပေါင်းစိုက်ပျိုး

မိတ္ထီလာ ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ဝန်ဇင်းကန်ပေါင် မိတ္ထီလာမြောက်ကန်နှင့် မိတ္ထီလာ-မြင်းခြံကားလမ်းဘေးဝဲယာ၌ အရိပ်ရပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခြင်းကို ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိတ္ထီလာမြို့ကုန်သည်ပွဲစားစက်ပိုင် ကထိန်တော်အသင်းနှင့် ဒေသခံပြည်သူများက ဇူလိုင်လ ၂၃ ရက်က ဆောင်ရွက်သည်။

အဆိုပါစုပေါင်းစိုက်ပျိုးပွဲတွင် မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်နှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိတ္ထီလာမြို့ကုန်သည်ပွဲစားစက်ပိုင် ကထိန်တော်အသင်းမှတာဝန်ရှိသူများ၊ ဝန်ဇင်းရပ်ကွက်၊ ရန်မျိုးအောင်ရပ်ကွက်နှင့် ဈေးအရှေ့ပြင်ရပ်ကွက်တို့မှ ဒေသခံပြည်သူများက အရိပ်ရပန်းအလှပင်များဖြစ်သည့် အရွယ်ရောက်ပြီးသပြေဘူတ ၅၆ ပင်နှင့် ငုစပ် ၁၅ ပင်တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါဝန်ဇင်းကန်ပေါင် မိတ္ထီလာမြောက်ကန်နှင့် မိတ္ထီလာ-မြင်းခြံကားလမ်းဘေးဝဲယာ၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် အရိပ်ရပန်းအလှများ စုပေါင်းစိုက်ပျိုးနေမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ဖ၀၂)








အကြမ်းဖက်သောင်းကျန်းသူများထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်မှုကိုတွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိခဲ့သည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



တပ်မတော် စစ်ကြောင်းများက အကြမ်းဖက် သောင်းကျန်းသူများ ထံမှ သိမ်းပိုက်ရရှိခဲ့သည့် လက်နက်/ခဲယမ်း နှင့် ဆက်စပ် ပစ္စည်းများကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများက အများပြည်သူသွားလာရာလမ်းများ၌ ဂိတ်များဖွင့်လှစ်ကာ အတင်းအဓမ္မငွေကြေးကောက်ခံခဲ့သည့်နေရာများကို တွေ့ရစဉ်။





တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိခဲ့သည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

◆ **ရှေ့ဖုံးမှအဆက်**

ထိုသို့အချက်အချာကျသည့်သပိတ်ကျင်းမြို့အား မိုးမိတ်၊ မိုးကုတ်မြို့နယ်မှတစ်ဆင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်မှစ၍ သပိတ်ကျင်းမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်စခန်းများ၊ တပ်ရင်း/တပ်ဖွဲ့နှင့် မြို့/ရွာများအား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ တိုက်တာအိုးအိမ်အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကိုစွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထိုသို့သာလွန်အင်အားဖြင့် အလစ်အငိုက်လာရောက်တိုက်ခိုက်မှုကြောင့်သပိတ်ကျင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သပိတ်ကျင်းမြို့အား အကြမ်းဖက်သောင်းကျန်းသူများ၏ လက်တွင်းသို့ မကျဆုံးစေရေးအတွက် မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာဖြင့် အပြင်းအထန်ခုခံခဲ့သော်လည်း ထိခိုက်ကျဆုံးဒဏ်ရာရရှိမှုများ များပြားလာခြင်းနှင့် ရန်သူမှအင်အား **စာမျက်နှာ ၆ သို့** ◆





အကြမ်းဖက်သောင်းကျန်းသူများက ဘာသာရေးဆိုင်ရာအဆောက်အအုံများအတွင်း ဘန်ကာများပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။





တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိခဲ့သည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများက ဘာသာရေးဆိုင်ရာအဆောက်အအုံများနှင့် အများပြည်သူအသုံးပြုသည့် လမ်းများပေါ်တွင် ဘန်ကာများပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ဘာသာရေးဆိုင်ရာအဆောက်အအုံများအတွင်း ခံစစ်စခန်းပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိခဲ့သည့် မော်တော်ယာဉ်၊ လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

◆ **စာမျက်နှာ ၅ မှအဆက်**

အဆမတန် များပြားလာခြင်းကြောင့် ကြားခံစစ်အဆင့်ဆင့်ဖြင့် ဆုတ်ခွာခဲ့ပြီး ၇ မိုင်ကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်း ဌာနချုပ်၌ မဆုတ်တန်းခံစစ်အဖြစ် အကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်မှုများကို ခံစစ်ဆင်နွှဲ၍ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ ထိုးစစ်အရှိန်ကို ရပ်တန့်စေခဲ့ပြီး တန်ပြန်တိုက်ခိုက်နိုင်ရေး လိုအပ်သည့် စစ်ရေးပြင်ဆင်မှုဆိုင်ရာကိစ္စရပ်များကို လေကြောင်းထောက်ပံ့ပို့ဆောင်ရေးစနစ်ဖြင့် အချိန်ယူဆောင်ရွက်ခဲ့သည်။

ထိုသို့ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများအား ဖြည့်တင်းဆောင်ရွက်ခဲ့ပြီး လေကြောင်းပစ်ကူအချို့နှင့် ရေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ပူးပေါင်းကာ မြေပြင်/ဝေဟင်/ရေပြင် ဟန်ချက်ညီပေါင်းစပ်ပြီး မြေပြင်သတင်းဖော်ထုတ်၍ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့နယ်အတွင်း အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး(Counter– Terrorism Operation)ဖြင့်တပ်ရင်းဌာနချုပ်ပတ်ဝန်းကျင်၌စတင်၍ နယ်မြေရှင်းလင်းခဲ့ပြီး တန်ပြန်တိုက်စစ်များ

**စာမျက်နှာ ၇ သို့** ◆







အကြမ်းဖက်သောင်းကျန်းသူများက စာသင်ကျောင်းအဆောက်အအုံများအား ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက စာသင်ကျောင်းအဆောက်အအုံများအား ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။

◆ စာမျက်နှာ ၆ မှအဆက်

တစ်ဆင့်ပြီးတစ်ဆင့် ခြေကုပ်ယူတိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ၆ မိုင်ကျေးရွာအားလည်းကောင်း၊ ဇူလိုင်လ ၅ ရက်နေ့တွင် ၅ မိုင်ကျေးရွာအားလည်းကောင်း၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ၄ မိုင်ကျေးရွာနှင့် အဆိုပါကျေးရွာအနီး တာ၀ါတိုင်ကုန်းအားလည်းကောင်း အသီးသီး ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး ဇူလိုင်လ ၂၃ ရက်နေ့ ယနေ့တွင် သပိတ်ကျင်းမြို့အား တပ်မတော်က အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်းမြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရွပ်ရွပ်ချွံချွံတိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ၁၁ လအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၁၇ ကြိမ်၊ ထိတွေ့မှုပေါင်း ၄၅ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၅၁ လောင်းနှင့် လက်နက်မျိုးစုံ ၁၁၂ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ အနေဖြင့် သပိတ်ကျင်းမြို့နှင့် ၎င်းဒေသအား ယာယီသိမ်းပိုက်ထိန်းချုပ်ထားစဉ် မြို့/ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊

စာမျက်နှာ ၈ သို့◆



အကြမ်းဖက်သောင်းကျန်းသူများက လူနေအိမ်များအား ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများက လူနေအိမ်များအတွင်း ဘန်ကာများ ပြုလုပ်ထားမှုကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများက အများပြည်သူပိုင်နေအိမ်၊ အဆောက်အအုံများအား ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက မြို့နယ်ပြည်သူ့ဆေးရုံအတွင်း ဖျက်ဆီးခဲ့မှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက မြို့နယ်ပြည်သူ့ဆေးရုံအား ဖျက်ဆီးခဲ့မှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက မြို့နယ်ပြည်သူ့ဆေးရုံအတွင်း ဖျက်ဆီးခဲ့မှုကိုတွေ့ရစဉ်။




အကြမ်းဖက်သောင်းကျန်းသူများက မြို့နယ်ခန်းမ၌ ခံစစ်စခန်းပြုလုပ်ထားရှိမှုကိုတွေ့ရစဉ်။




အကြမ်းဖက်သောင်းကျန်းသူများက မီးသတ်ရုံးအဆောက်အအုံအား ဖျက်ဆီးခဲ့မှုကိုတွေ့ရစဉ်။

◆ **စာမျက်နှာ ၇ မှအဆက်**

ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့်လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံပြည်သူများ၏အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကိုလုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများ နေအိမ်များနှင့်ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်း၊ အများပြည်သူသွားလာလျက်ရှိသည့်လမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့်အဖျက်အမှောင့်လုပ်ငန်းများကိုလုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် သပိတ်ကျင်းမြို့အတွင်းသို့ ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံပြည်သူများအား အန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး မြို့တွင်း မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ စတင်ရှင်းလင်းခြင်းနှင့် မိမိတို့၏အိုးအိမ်နေရာများသို့ ပြန်လည်နေထိုင်လိုပြီး ရိုးသားစွာမိမိတို့၏ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်လိုသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအနေဖြင့်လည်း သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များထံ စနစ်တကျသတင်းပို့၍ နေထိုင်နိုင်ရေး သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ဌာနဆိုင်ရာဝန်ထမ်းများဖြင့် အစိုးရအုပ်ချုပ်မှုယန္တရားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများအမြန်ဆုံးလည်ပတ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အောင်ပွဲရတိုက်ပွဲဝင် မြန်မာ့တပ်မတော်သားများအား ဂုဏ်ယူစွာဖြင့်ရရှိသတင်းများကို ဖော်ပြအပ်ပါသည်။ (၁၀၀)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တောင်ငူခရိုင်အတွင်း ဒေသအလိုက် စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်



**တောင်ငူ ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ဝင်များသည် ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းတွင် တောင်ငူခရိုင်အတွင်း ဒေသအလိုက် စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးကြောင်း သိရသည်။

ရေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ဝင်များသည် တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု ဝွေးတောက်ခင်ကျေးရွာ၌ ရှိဘက်စတာကော်ဖီ စိုက်ပျိုးနေမှုအား ကွင်းဆင်းကြည့်ရှုရာ ရှင်းလင်းဆောင်၌ နှစ်ရှည်သီးပင်စိုက်ခင်း ဧရိယာအတွင်း ရှိဘက်စတာကော်ဖီ ဧက ၃၀၀ စိုက်ပျိုး စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေများအား တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှိဘက်စတာကော်ဖီသည် ပြည်ပဈေးကွက်ရရှိထားပြီးဖြစ်၍ သတ်မှတ်ကေပြည့်မီစွာ စိုက်ပျိုးသွားရန်ပြောကြားပြီး ဆက်လက်စိုက်ပျိုးနိုင်ရေး ပျိုးထောင်ထားရှိသည့် ကော်ဖီပျိုးပင်များနှင့် စိုက်ပျိုးပြီးကော်ဖီပင်များအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖြူးမြို့နယ် မင်းကံရိုးကျေးရွာအုပ်စုရှိ မိုးစပါးမျိုးစေ့ထုတ်တစ်ကွင်းတစ်ဆက်တည်း ၂၇ ဧက စုပေါင်းမြေဩဇာကြဲပက်နေမှုနှင့် ပေါင်းမြက်နုတ်ပယ်နေမှုအား ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုး၊ မြေ၊ ရေ၊ နည်း အခြေခံလေးချက်၏ အရေးပါပုံ၊ သီးနှံစိုက်စွမ်းအားတိုးတက်စေရေး မြေလပ်မရှိ စိုက်ပျိုးသွားရန်၊ သီးထပ်စွမ်းအားတိုးတက်စေရေး ကြိုးစားဆောင်ရွက်ရန်နှင့် ဓာတ်မြေဩဇာအား သဘာဝမြေဩဇာနှင့် အချိုးကျတွဲဖက်သုံးစွဲရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်းများပြောကြားပြီး ဒေသခံတောင်သူများအတွက် သွင်းအားစုများပေးအပ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်လှစ်

**မုံရွာ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာစိုးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပန်းရန်သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှရရှိလာသည့် အသိပညာများကိုလည်း သင်တန်းသူများမှ အကျိုးရှိရှိအသုံးချစေလိုကြောင်း ပြောကြားသည်။

ထို့နောက်သင်တန်းနည်းပြဆရာက သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များနှင့် သင်တန်းသားများလိုက်နာရန် စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၅ ရက်ထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၂၀ ဦး တက်ရောက်သင်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးကျော်(ပုံတောင်မြေ)

# မိုးစပါးစိုက်ပျိုးသော သမဝါယမအသင်းသား တောင်သူများအား မျိုးနှင့်သွင်းအားစုများပံ့ပိုးပေးအပ်ခြင်း အခမ်းအနားကျင်းပ

**ရပ်စောက် ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် မြို့နယ်သမဝါယမရုံး၌ ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းတွင် မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ မြို့နယ်သမဝါယမ အသင်းစုလီမိတက်ပံ့ပိုးငွေဖြင့် မိုးစပါးစိုက်ပျိုးသော သမဝါယမအသင်းသားတောင်သူများအား မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးအပ်ခြင်းအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင်ရပ်စောက်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဝင့်က မိုးစပါးသီးနှံစိုက်ပျိုးရာ၌ တောင်သူများသွင်းအားစု အခက်အခဲမရှိစေရေး သွင်းအားစုများကို ပံ့ပိုးပေးအပ်ကြောင်းနှင့် ထွက်ရှိလာသော စပါးများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးနှင့် ရောင်းချရာ၌လည်း သတ်မှတ်ကာလပေါက်ဈေးဖြင့် ဈေးကောင်းရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရွှေဝါဝင်းနှင့် နောင်မှိုင်းမျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းနှစ်သင်းမှ မိုးစပါးသီးနှံစိုက်ပျိုးသော အသင်းသားတောင်သူများ၏ ၂၆၈ ဧကအတွက် ငွေကျပ် ၅၃၆ သိန်းနှင့်ညီမျှသော သွင်းအားစုများနှင့် ရပ်စောက်မြို့နယ် သမဝါယမအသင်းစုမှ ထုတ်လုပ်သော စွမ်းထက်သဘာဝမြေဩဇာများကို ပေးအပ်ကြောင်း သိရသည်။ (၀၀၅)



# အသက်ပေး၍

❖ ငါတို့မွေးသည်
ရွှေရည်တင့်လျှမ်း၊ နတ်ဘုံနန်းမျှ
ငြိမ်းချမ်းစည်ဝေ၊ ရှင်းသန့်ပေ၍
ရှုလေသမျှ၊ ငေးမောရအောင်
လှပသာယာ၊ ဂုဏ်ထူးဖြာသော
မြန်မာရွှေပြည် တိုင်းဌာနီ၌။

❖ ငါတို့နေသည်
အတီအတော၊ ရေးပဝေမှ
အခြေမူလ၊ သန္ဓေစခဲ့
ကမ္ဘာ့အလယ်၊ ဂုဏ်တင့်တယ်၍
ထည်ဝါခဲ့ညား၊ လေးစားဂုဏ်ယူ
မြန်မာဟူဘိ၊ တေဇာရှိသော
ဘူမိနက်သန် ရွှေနိုင်ငံ၌။

❖ ငါတို့သေမည်
ရွှင်ကြည်ပျော်မွေ့၊ ဓလေ့ရိုးရာ
စဉ်အလာနှင့်၊ ဘာသာ သာသနာ
ဝေဖြာရေးရှု၊ ကောင်းမှုမြတ်နိုး
ခေါင်းလောင်းထိုးသံ၊ ကြေးစည်သံနှင့်
ကျောင်းကန်ဘုရား၊ လွန်စည်ကားသော
လေးစားဖွယ်ရာ ပြည်မြန်မာ၌။

❖ သြော်…
ငါတို့သည်ကား
ဤမြေမှာနေ၊ ဤမြေမှာမွေး
လှသွေးဂုဏ်မောက်
လူလားမြောက်သော
ထွန်းတောက်မြန်မာ၊ ရွှေမြန်မာမို့
မြန်မာဖြစ်ရ၊ တို့ဘဝကို
အားရပီတိ၊ ဂုဏ်ယူမိရင်း
တည်ရှိဖိုးတန်၊ ရွှေနိုင်ငံအား
တစ်ရံတစ်ဆစ်၊ မလစ်စေရေး
စတေးပေးဆက်၊ သွေးအသက်တို့
ဝကွက်အပ်နှံ၊ သန္နိဋ္ဌာန်သည်
ဝေယံမိုးထက် ပျံ့စေသတည်း။ ။

**ပုလောစိုးနံ့သာ**

## မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ် ၄၂ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)
**မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်**
**ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ဌေးမြင့်အေးအား မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ် ၄၃ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)
**မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီး**
**ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ခိုင်ခိုင်မျိုးအား မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြဦးကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်တင်ထူးကို အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မန္တလေးငလျင်ဒဏ်သင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံရေးဆိုင်ရာ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၂၃**

မန္တလေးငလျင်ဒဏ်သင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံရေးဆိုင်ရာ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇနိန္ဒ၊ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဒွေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ဆရာတော် အမှူးပြုသော ဩဝါဒါစရိယဆရာတော်ကြီးက ဩဝါဒကထာများ မိန့်ကြားတော်မူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး အမှူးပြုသော တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ခုနစ်ရက်သားသမီးများ၏ အလှူငွေကျပ် ၁၀၈ သိန်းကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီမှ လှူဒါန်းသော အလှူငွေကျပ် ၁၀၈ သိန်းကို လည်းကောင်းပေးအပ်လှူဒါန်းရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့ဝင်က လက်ခံရယူသည်။

ယင်းနောက် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဒွေ့ပရိသတ်များက ရေစက်ချအနုမောဒနာ တရားနာယူကြည်ညိုကြပြီး စေတီတော်မြတ်ကြီး လိုဏ်ဂူတော်နှင့် ရင်ပြင်တော် ပျက်စီးမှုအခြေအနေအားလှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ကော့သောင်းခရိုင်နှင့် မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲသို့ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးတက်ရောက်



**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးသည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့ အောင်သုခရပ်ကွက်ရှိ ကော့သောင်းခရိုင်နှင့် မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်သည်။

ဖွင့်ပွဲတွင် အဆောက်အအုံသစ်အား ပြည်ထောင်စုတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ပြည်ထောင်စု တရားသူကြီးချုပ်က ကော့သောင်းခရိုင် တရားရုံးနှင့်ကော့သောင်းမြို့နယ်တရားရုံး ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ယင်းနောက် နောင်ရိုးမြန်မာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှမန်နေးဂျင်းဒါရိုက်တာက ရုံးအဆောက်အအုံနှင့် ပတ်သက်၍ရှင်းလင်းတင်ပြပြီး ရုံးအဆောက်အအုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုတရားသူကြီးချုပ်သည် အဆောက်အအုံသစ် အတွင်းလှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

### သဇင်(FM)အသံလွှင့် အစီအစဉ်
၂၄-၇-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လျှောင်ဘေးသင့်ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၂၃

မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လျှောင်ဘေးသင့်ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှညွှန်ကြားရေးမှူး Mr. Zhang Zhong Hua၊ တရုတ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံ ကိုယ်စားလှယ် Mr.Wang Lei ၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်းမှ Senior President၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးသစ္စာ(ခ) Mr. Li BoBo၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တရုတ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံ ကိုယ်စားလှယ် Mr.Wang Lei က လှူဒါန်းမှုနှင့်ပတ်သက်၍ ပြောကြားပြီး မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ Senior President၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသစ္စာ(ခ) Mr. Li BoBo က အသင်း၏ထောက်ပံ့လှူဒါန်းမှု အခြေအနေ၊ ရှေ့ဆက်လက် လှူဒါန်းဆောင်ရွက်သွားမည့်အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများထံ လှူဒါန်းပစ္စည်းများကို ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လျှောင်ဘေးသင့်ဝန်ထမ်းများကို လှူဒါန်းပစ္စည်းများ ခွဲဝေပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများကို နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်၏ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် စခန်းသွင်းဆောင်ရွက်နေမှုအခြေအနေ၊ လေ့ကျင့်ရေး၊ နေထိုင်စားသောက်ရေး၊ အောင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားစေလိုကြောင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများက (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများနှင့် အားကစားသမားရွေးချယ်ထားရှိမှုအခြေအနေ၊ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေမှု အခြေအနေ၊ အားကစားသမားများ၏ ကျန်းမာရေးအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေ၊ အုပ်ချုပ်/ထောက်ပံ့ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ဆုတံဆိပ်မျှော်မှန်းထားရှိမှုအခြေအနေ၊ အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အားကစားနည်းအလိုက် လိုအပ်လျက်ရှိသည့် လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍများအလိုက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အောင်နိုင်ရေးအတွက် လိုအပ်သည်များကို အကြံပြုဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မန္တလေးလျှောင်ဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ် All China Women's Federation (ACWF) မှလှူဒါန်းသည့် အလှူပစ္စည်းပေးအပ်ပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၂၃

မန္တလေးလျှောင်ဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ် All China Women's Federation (ACWF) မှလှူဒါန်းသည့် အလှူပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ China Foundation for Peace and Development (CFPD) မှ တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မတ်လ ၂၈ ရက်က ဖြစ်ပွားခဲ့သည့် မန္တလေးလျှောင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနှင့် ရှမ်းပြည်နယ်တို့တွင်လျှောင်ဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် နိုင်ငံတကာ အကူအညီများဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လျှောင်ဘေးသင့်ဒေသများအတွက်တရုတ်ပြည်သူ့သမ္မတနိုင်ငံမှမိုးကာတဲများ၊ ယာယီအိမ်များ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ဒီဇယ်ဆီများ၊ မိုဘိုင်းခွဲစိတ်ခန်းများကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးခဲ့သည့်အပြင် အဆောက်အအုံများအကြား ပိတ်မိနေသူများကို ရှာဖွေ/ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ၊ အကူအညီများကို အလျင်အမြန်ဆောင်ရွက်ပေးခဲ့ကြောင်း။

တရုတ်နိုင်ငံမှ Emergency Medical Team (EMT) အဖွဲ့ဝင် ၉၂ ဦးသည်လည်း နေပြည်တော်၊ မန္တလေးတို့တွင် ဆေးကုသရေး၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ရေအရည်အသွေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အမျိုးသမီးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသမီးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခုကဲ့သို့ မြန်မာကျပ်ငွေ ၁၈၀၀၀၀၀၀၀ ခန့်တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများကို လှူဒါန်းသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ် All China Women's Federation (ACWF)၊ ကူညီပံ့ပိုးပေးသည့် China Foundation for Peace and Development (CFPD)နှင့် လာရောက်လှူဒါန်းပေးပါသော မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း (Myanmar- Chinese Cooperation and Communication Center) များအား အထူးကျေးဇူးတင်ရှိကြောင်းနှင့် ဂုဏ်ပြုကြိုဆိုကြောင်း ပြောကြားသည်။

ထို့နောက် China Foundation for Peace and Development မြန်မာနိုင်ငံရုံး ကိုယ်စားလှယ် Mr. Wang Lei က လှူဒါန်းမှုနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ Senior President၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာ (ခ) Mr. Li BoBo က အသင်း၏ လုပ်ဆောင်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

## ထူးခြားသည့် နေ့အပူချိန်များ

၂၃-၇-၂၀၂၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မချမ်းဘော | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | မြင်းမူ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | မိုးကောင်း | ၃၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ကလေး | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ခန္တီး | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် | ပခုက္ကူ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | မြင်းခြံ | ၃၃ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် MDY-PDF အဖွဲ့ဝင် ၉ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် ဇူလိုင် ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ်နားလည်သဘောပေါက်လာကြကာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင်လ ၁၇ ရက်နေ့မှ ဇူလိုင်လ ၂၂ ရက်အထိ TNLA အဖွဲ့ဝင် ၄ ဦး၊ DPLA အဖွဲ့ဝင် ၄၁ ဦးနှင့် MDY–PDF အဖွဲ့ဝင် ၁၅ ဦး၊ စုစုပေါင်း ၆၀ ဦးတို့သည် လက်နက်မျိုးစုံ ၁၃ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

ယနေ့တွင်လည်း MDY–PDF အဖွဲ့မှ အမျိုးသား ၇ ဦးနှင့်အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၉ ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံခြင်းများကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး နီးစပ်ရာတပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့ကို တာဝန်ရှိသူများက ပြန်လည်လက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးခဲ့ပြီး မိဘအုပ်ထိန်းသူများထံကို ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရှိရသည်။

အဆိုပါဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ကနဦးပြောကြားချက်များအရ ၎င်းတို့သည် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်သူများဖြစ်ပြီး အကြမ်းဖက်သမားများရောက်ရှိလာကာ ၎င်းတို့အဖွဲ့ထဲမဝင်ရောက်ပါက မိဘဆွေမျိုးများနှင့် အကျပ်ကိုင်၍အတင်းအဓမ္မလူသစ်စုဆောင်းခြင်းကိုခံခဲ့ရကြောင်း၊ ထို့ပြင် အကြမ်းဖက်သမားများသည် ငွေရေးကြေးရေးအခက်အခဲများကြောင့် စားသောက်နေထိုင်ရာတွင် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် ပင်ပင်ပန်းပန်းနေထိုင်ခဲ့ရကြောင်း၊ ယင်းအပြင် ၎င်းတို့အဖွဲ့အတွင်း၌ လက်နက်အားကိုးဖြင့် အထက်အောက်အနိုင်ကျင့်ဗိုလ်ကျ လူမျိုးရေးခွဲခြားဆက်ဆံခံရခြင်း၊ အဆင့်အတန်းခွဲခြားဆက်ဆံခံရခြင်းများရှိကြောင်း၊ တပ်မတော်၏ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)များဆင်နွှဲမှုတွင် အကျအဆုံးများ များပြားလာခြင်းများကြောင့်စိတ်ဓာတ်များကျဆင်းလာခြင်း၊ မိသားစုများနှင့် နွေးနွေးထွေးထွေး ပြန်လည်နေထိုင်လိုပြီး တောထဲ၌ နေထိုင်လိုမှုမရှိခြင်း၊ ၎င်းတို့၏ လုပ်ရပ်များသည် ပြည်သူလူထုအတွက် များစွာထိခိုက်နစ်နာသည်ကို သိရှိနားလည်သဘောပေါက်လာခြင်းကြောင့် ၎င်းတို့လုပ်ရပ်များကို စိတ်ပါဝင်စားမှုမရှိတော့ခြင်း၊ တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ၎င်းတို့အဖွဲ့အတွင်းမှ ပြန်လည်ထွက်ခွာလာကာ နီးစပ်ရာ တပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရှိရသည်။



တာဝန်ရှိသူတစ်ဦးက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် MDY–PDF အဖွဲ့ဝင်တစ်ဦးအား ဆုကြေးငွေပေးအပ်စဉ်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အလင်းဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

"အကြမ်းဖက် PDF အဖွဲ့အစည်းထဲကို ရောက်ရှိရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်သူငယ်ချင်းက လုပ်ငန်းလုပ်ဖို့ ဆိုပြီးတော့ မိုင်းတုံကိုလိမ်ခေါ်တယ်။ ကျွန်တော်တို့ ရောက်ရှိသွားတဲ့အချိန်မှာ ဒီအကြမ်းဖက် PDF သင်တန်းကို တက်ရမယ်လို့ပြောပါတယ်။ ကျွန်တော်က မတက်ချင်တဲ့အတွက် သူတို့ကိုသွားပြောတယ်။ သူတို့အထက်အရာရှိက မင်းမတက်ရင် မင်းတို့ကို သတ်ပစ်မယ်ဆိုပြီးတော့ပြောတယ်။ ကျွန်တော့်သူငယ်ချင်းကလည်း မင်းဒီသင်တန်းကိုမတက်ရင် သတ်ပစ်မယ်လို့ပြောပါတယ်။ အမှန်တကယ်လည်း ဒီသင်တန်းကိုမတက်ဘဲ ပြန်သွားတဲ့ အဖွဲ့တွေကိုလည်း သူတို့သတ်ပစ်တာတွေကို မြင်ခဲ့ရပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်ဒီသင်တန်းကို ဆက်ပြီးတက်ခဲ့ရပါတယ်။ သင်တန်းကာလအတွင်းမှာလည်း အစားအသောက်ပိုင်းဆိုင်ရာမှာ ကျွန်တော်တို့ကို ကျွေးတဲ့ရက်ရှိသလို၊ မကျွေးတဲ့ရက်လည်း ရှိပါတယ်။ တစ်ခါတလေဆိုရင် ရှူးရှဲလက်ဖက်ထုပ်နဲ့ပဲ စားရတဲ့အခါရှိသလို ရေနဲ့ပဲစားရတဲ့အခါလည်းရှိပါတယ်။ ခက်ခက်ခဲခဲသင်တန်းတက်ရတယ်။ ကျွန်တော်တို့နဲ့ပါလာတဲ့ ညီမငယ်တွေ၊ အစ်မတွေကိုလည်း သူတို့ရဲ့ အထက်အရာရှိပိုင်းတွေအနားမှာ ခေါ်ထားပြီး မတော်မတရားတွေလုပ်တယ်၊ အဓမ္မပြုကျင့်တယ်။ အဲ့ဒါတွေကိုလည်း မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရတယ်။ မြင်ခဲ့ရပေမယ့်လည်း ကျွန်တော်တို့မှာ ပြန်ပြောပိုင်ခွင့်မရှိဘူး။ သူတို့မှာက သေနတ်တွေနဲ့ဆိုတော့ အမြင်မကြည်ရင် သူတို့စိတ်ဆန္ဒအဆင်မပြေရင် ခေါ်ပြီးတော့သတ်တယ်။ ဒါတွေကို မြင်တွေ့ရတဲ့အခါမှာ စိတ်နာတယ်၊ ကျွန်တော်တို့ကို သင်တန်းပြီးတော့ မတ္တရာခွင်ဘက်ကိုပို့တော့ သင်တန်းဆင်းတာမှ တစ်ပတ်လောက်ပဲရှိသေးတယ်။ ရှေ့တန်းကိုတန်းလွှတ်တယ်။ ရှေ့တန်းကို လွှတ်တော့လည်း လူအင်အားနည်းနည်းလေးနဲ့ ပစ္စည်းတွေလည်း စုံစုံလင်လင်မပေးဘူး။ သူတို့တွေကဆိုရင် အနောက်ကနေပဲ အမိန့်ပေးတယ်။ ရှေ့ကိုတစ်ယောက်မှမလာဘူး။ ဒီအတွက်လည်း ကျွန်တော့်မှာ စိတ်ခံစားချက်ရှိတယ်။ ရှေ့တန်းရောက်တော့လည်း တပ်မတော်ဘက်က အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်လာတယ်။ လူအင်အား လက်နက်အင်အားမမျှတဲ့အတွက်အနောက်ကို ပြန်ဆုတ်ဖို့ သူတို့ကိုပြောတယ်။ ပြောတဲ့အချိန်မှာလည်း သူတို့က မင်းတို့နောက်မဆုတ်ရဘူး။ နောက်ဆုတ်ရင် မင်းတို့ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်တယ်။ ကျွန်တော်တို့ထဲကမှ ခိုးပြန်သွားတဲ့သူတွေကို ကျွန်တော်တို့ရှေ့မှာတင် သတ်ပစ်တယ်။ ကျွန်တော်တို့လည်း ကြောက်ပြီးတော့ တပ်မတော်ကိုခုခံရတယ်၊ ကိုယ့်ကိုယ်ကိုယ် အသက်မသေအောင် ကာကွယ်ပြီးတော့ တပ်မတော်ထံအလင်းဝင်ဖို့ သူငယ်ချင်းတွေ စုပြီးတော့တိုင်ပင်ကြတယ်။ သူတို့အွန်လိုင်းပေါ်မှာတင်ထားတာက တပ်မတော်ထံက အလင်းဝင်ရောက်လာတဲ့သူဆိုရင် ဆုငွေပေးတယ်။ ကောင်းကောင်းမွန်မွန်ထားတယ်ဆိုပြီး အွန်လိုင်းပေါ်မှာတင်ထားတယ်။ ဒါတွေကတကယ်မဟုတ်ပါဘူး။ သူတို့လုပ်တာက တပ်မတော်ထံမှအလင်းဝင်လာတဲ့သူတွေကို သတ်ပစ်တယ်။ သေနတ်တွေယူထားတယ်။ အဲ့လိုမျိုးလုပ်တယ်။ ကျွန်တော်တို့ကိုလည်းပြန်ပြောတယ်။ တပ်မတော်ထံအလင်းဝင်ရောက်တယ်ဆိုရင် ဒီလိုပဲသတ်ပစ်မယ်ဆိုပြီး ကျွန်တော်တို့ကိုပြောထားတယ်။ အဲ့တော့ ကျွန်တော်တို့တွေဝေသွားတယ်။ အရင်အလင်းဝင်သွားတဲ့ ကျွန်တော်တို့သူငယ်ချင်းတွေနဲ့ ချိတ်ဆက်မိတဲ့အခါမှာ ဒီလိုဒီအကြောင်းပဲ မေးကြည့်တယ်။ သားကြီးအဲ့ဒါ မဟုတ်ဘူး။ ဒီမှာ အေးအေးဆေးဆေးပဲ နွေးနွေးထွေးထွေးပဲကြိုဆိုတယ်ဆိုပြီးတော့ ပြောတဲ့အချိန်မှာ ကျွန်တော်တို့အလင်းဝင်ရောက်တယ်။ တကယ်လည်းဟုတ်ပါတယ်။ အလင်းဝင်ရောက်တဲ့အချိန်မှာ နွေးနွေးထွေးထွေးကြိုဆိုတယ်။ ကိုယ့်မိဘထံကို အေးအေးဆေးဆေးပဲ ပြန်လိုက်အပ်ပေးတယ်။ အဲ့ဒါအတွက်လည်း တပ်မတော်ကိုကျေးဇူးတင်တယ်။ ကျွန်တော်မတ္တရာခွင်ဘက်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ အယ်ဖာပတ်ပတ်လည်က ကျေးရွာတွေမှာလည်း ပစ္စည်းတွေ၊ စားသောက်စရာတွေ၊ တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို ကျွန်တော်တို့ အဓမ္မယူဆောင်၊ သုံးဆောင်ရတယ်။ အဲ့ပစ္စည်းတွေသုံးဆောင်ရတာလည်း တချို့ပစ္စည်းတွေဆိုရင် အထက်အရာရှိပိုင်းတွေကိုပြန်အပ်ရတယ်၊ သူတို့က ဒီလိုဒီအကြောင်းပဲ ဒီအိမ်ကိုပိတ်လိုက်ပြီးရင် ချိပ်ပိတ်ဒလန်အိမ်ဆိုပြီး ကျွန်တော်တို့ကိုပြောတယ်။ ချိပ်ပိတ်ပြီးတော့ ပစ္စည်းတွေကို သူတို့ကိုအပ်ရတယ်။ အဲ့ဒါတွေကို ရွံ့ရှာမုန်းတီးလာတယ်။ ရွံ့ရှာမုန်းတီးလာတဲ့အချိန်မှာ ကျွန်တော်တပ်မတော်ထံကိုအလင်းဝင်ရောက်တယ်၊ မိဘပြည်သူတွေကို ကျွန်တော်အနူးအညွတ်တောင်းပန်ပါတယ်။ အကြမ်းဖက် PDF အဖွဲ့အစည်းထဲက ထွက်ရှိလိုက်တဲ့အတွက် နောက်နောင်ဒီလိုမဖြစ်စေရပါဘူးလို့လည်း ကတိပေးပါတယ်။ တောထဲမှာ ညီအစ်ကိုမောင်နှမတွေကိုလည်းတပ်မတော်ထံအလင်းဝင်ဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်၊ ကျွန်တော်တို့ဘက်က အကူအညီလိုအပ်ရင် ကူညီဖို့အသင့်ပါပဲ" ဟုပြောသည်။





"ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းအတွင်းရောက်ရှိရတဲ့အကြောင်းရင်းကတော့ ကျွန်တော့်သူငယ်ချင်းများရဲ့ လိမ်လည်ပြောဆိုမှုကြောင့် ရောက်သွားခဲ့ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်း PDF ထံရောက်တော့ ကျွန်တော်သင်တန်းမတက်ချင်ဘူးလို့ပြောတဲ့အခါမှာ သင်တန်းမတက်လို့မရဘူး သင်တန်းတက်ရမယ်ပြောတဲ့အခါမှာ ကျွန်တော်အိမ်ပြန်ခွင့်တောင်းပါတယ်။ အိမ်ပြန်လို့မရဘူး အိမ်ပြန်တဲ့အခါကျရင် ဖမ်းရင်မိရင်သတ်ပစ်မယ်။ ဖမ်းမယ်သတ်ပစ်မယ်ပြောတဲ့အခါမှာ မပြန်ဘဲနဲ့ PDF သင်တန်းကို တက်ခဲ့ရပါတယ်။ သင်တန်းရောက်တော့လည်းအခက်အခဲတွေအများကြီးတွေ့ခဲ့ရပါတယ်။ မိန်းကလေးတွေဆိုရင်လည်း ညဆိုရင်ကင်းတွေစောင့်ခိုင်းပါတယ်။ ဆောင်းတွင်းပိုင်းမှာ ရေတွေစိမ်ခိုင်းပါတယ်။ စားသောက်ပိုင်းဆိုင်ရာမှာလည်း ရှူးရှဲတစ်ထုပ်နဲ့ပဲ အများစားခဲ့ရပါတယ်။ တစ်ခါတလေကျရင် ဘာမှမပါဘဲစားခဲ့ရပါတယ်။ ကျွန်တော်ကျန်းမာရေးသွေးတွေအန်တဲ့အထိဖြစ်တဲ့အခါမှာလည်း ဆေးမကုပေးဘဲနဲ့ သူတို့သင်တန်းပေးထားတဲ့သူနဲ့ပဲကုပေးပါတယ်၊ ဆေးရုံတင်ဖို့ပြောတဲ့အခါမှာ ဆေးရုံတင်မပေးပါဘူး။ အစာအိမ်ဖြစ်တာသေသွားတာမှမဟုတ်တာဘဲဆိုပြီး သင်တန်းတွေဆက်တက်ခိုင်းပါတယ်၊ မြန်မာဆေးနဲ့ ပျောက်အောင်ကုခဲ့ရပါတယ်၊ သင်တန်းမှာ မလုပ်ချင်ဘူးလို့ပြောတဲ့အခါမှာ အပြစ်ပေးပြီးတော့ရိုက်ပါတယ်။ အကြောင်းမရှိအကြောင်းရှာပြီး အရိုက်ခံရပါတယ်၊ မိန်းကလေးတွေဆိုလည်း အသားယူပါတယ်။ ဘာဖြစ်တာလဲ နေမကောင်းဘူးလားဆိုပြီး လက်တွေကိုင်ကြည့် ဟိုဟာကိုင်ကြည့်ပြုလုပ်ပါတယ်၊ အဲ့ဒီမှာ အဲဒီဒဏ်တွေကိုမခံနိုင်ပါဘူး။ သင်တန်းဆင်းပြီး ရုံးကိုရောက်တဲ့အခါမှာ အရင်ရောက်တဲ့သူတွေကျနေရာရပြီး ကျွန်တော်တို့ကျတော့ နေရာမရပါဘူး။ **စာမျက်နှာ ၁၃ သို့ ⇨**

⇨ စာမျက်နှာ ၁၂ မှအဆက်

ရောက်ရောက်ချင်းမှာပဲ ဖုန်းတွေသိမ်းသွားခဲ့ပါတယ်။ အိမ်ကိုဖုန်းဆက်ချင်တယ်လို့ပြောတဲ့အခါမှာ ဖုန်းလုံးဝဆက်ခွင့်မပေးပါဘူး။ အရင်ရောက်တဲ့ အစ်မတွေကျတော့ သူတို့က ဖုန်းတွေလည်းပေးကိုင်ပါတယ်။ အကုန်လုံးအေးအေးဆေးဆေးနေရပါတယ်၊ နောက်ရောက်လာတဲ့ လူတွေကပဲ မိန်းကလေးဆိုရင် သစ်တွေထမ်းရတယ်။ ဟိုအောက်လျှိုထဲထိသွားပြီး သစ်တွေထမ်းရတယ်။ ဝါးတွေဆိုရင်လည်း ကိုယ့်ဘာသာခုတ်ပြီး ထမ်းရပါတယ်။ အဲ့ဒါတွေမလုပ်ဘူးဆိုရင်အပြစ်ပေးပါတယ်၊ ညဆိုလည်း ကင်းတွေစောင့်ရပါတယ်။ တစ်ရက်မှမနားဘဲ စောင့်ခဲ့ရပါတယ်။ ဂိတ်ကင်းဆိုလည်း ကင်းစောင့်ရပါတယ်။ ရုံးမှာအစားအသောက်ကျွေးပြီဆိုလည်း ဘယ်တော့မှ အသားဟင်းမကျွေးခဲ့ပါဘူး။ သူတို့အရာရှိတွေ ညအရက်သောက်ပြီး ပျော်ပါးပြီးတဲ့အခါမှာ မိန်းကလေးတွေက မနက်ဆိုရင် သူတို့စားပြီးသားတွေကို ရှင်းပေးရပါတယ်။ အန်ထားတာကအစ ရှင်းပေးရပါတယ်။ အဲ့ဒါတွေမလုပ်ဘူးဆိုရင် သူတို့က ဘာလို့မလုပ်တာလည်းဆိုပြီး အပြစ်ပေးပါတယ်။ ဆရာဝန်အရာရှိတစ်ယောက်ကဆိုရင် ကျွန်တော်နေမကောင်းလို့ ဆေးခန်းသွားပြတဲ့အခါမှာ နေမကောင်းတာဘာဖြစ်လို့လဲဆိုပြီး လက်တွေကိုင်ပါတယ်။ ခွင့်မပြုတဲ့အခါမှာ သူကျွန်တော့်ကို ဆေးမကုပေးပါဘူး။ ဘာမှမဖြစ်ဘူးဆိုပြီး ဒီအတိုင်းပဲပြန်လွှတ်ပါတယ်။ အရင်ရောက်တဲ့ မိန်းကလေးတွေဆိုရင် ကျွန်တော်တို့နောက်ရောက်တဲ့ ကောင်မလေးတွေဆို အနိုင်ကျင့်ပါတယ်။ ပြောဆိုပါတယ်။ ပြောလို့ရတဲ့သူဆို သူတို့ဖိပြောပါတယ်။ အဲ့ဒီဒဏ်တွေကို မခံနိုင်တဲ့အခါမှာ တပ်မတော်ဘက်ကို အလင်းဝင်ရောက်ဖို့ ကြိုးစားခဲ့ပါတယ်။ သူတို့က ပြောပါတယ် နင်အဲ့ဒီဘက်ကိုရောက်ရင် သူတို့က သတ်ပစ်မှာလို့ပြောတဲ့အခါမှာ ကျွန်တော်တွေဝေခဲ့ပါတယ်။ အလင်းဝင်ရောက်တဲ့ အစ်မတစ်ယောက်ကနေပြီး ဘာမှမဖြစ်ဘူး အဆင်ပြေတယ်။ မိဘတွေလက်ထဲကို ချောချောမွေ့မွေ့ပြန်အပ်တယ်ဆိုတာနဲ့ ကျွန်တော်တပ်မတော်ဘက်ကို အလင်းဝင်ရောက်ခဲ့ပါတယ်။ တပ်မတော်အတွင်း အလင်းဝင်ရောက်တဲ့အခါမှာလည်း သူတို့ပြောသလိုဖြစ်မနေဘဲနဲ့ နွေးနွေးထွေးထွေးကြိုဆိုပါတယ်၊ မိဘတွေလက်ထဲကိုလည်း သေသေချာချာပြန်အပ်ပေးပါတယ်။ အဲ့ဒီအတွက်လည်း တပ်မတော်ကိုကျေးဇူးတင်ပါတယ်။ ပြီးရင် ကျွန်တော်တို့ကြောင့်ပဲဖြစ်ဖြစ်၊ အဓမ္မစေခိုင်းလို့ပဲဖြစ်ဖြစ် ဒုက္ခရောက်ခဲ့တဲ့ ပြည်သူတွေကိုလည်း ကျွန်တော်ဒီကနေတောင်းပန်ပါတယ်၊ တောထဲမှာကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေကိုလည်း ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ဖို့ ကျွန်တော်အမြန်ဆုံးဖိတ်ခေါ်ပါတယ်။ လိုအပ်တာရှိရင်လည်း ကျွန်တော်ကူညီဖို့အသင့်ပါပဲ”ဟုပြောသည်။ (၁၀၀)

# အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှုအဆင့်(၁)သင်တန်းဖွင့်ပွဲကျင်းပ



မုဒုံ ဇူလိုင် ၂၃

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှုအဆင့်(၁)နှင့် စစ်ဆေးအကဲဖြတ်ခြင်းအမှတ်စဉ်(၁၆)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နှစ်ရှည်ပင်များသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ)ရှိ စိုက်ပျိုးရေးအသက်မွေးမှုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ကျော်လှိုင်က ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစေးခြစ်နည်းပညာကို ကျွမ်းကျင်စွာတတ်မြောက်ခြင်းဖြင့် မိမိတို့စိုက်ကွက်များ၌ အသုံးချနိုင်သကဲ့သို့ ရော်ဘာစိုက်တောင်သူများထံ နည်းပညာများ ပြန်လည်ပို့ချပေးနိုင်ကြောင်း၊ ကျွမ်းကျင်သည့် အစေးခြစ်လုပ်သားများပေါ်ထွက်လာစေ၍ ရော်ဘာစိုက်တောင်သူများ၏လူမှုစီးပွားဘဝတိုးတက်မြင့်မားရန်အခြေခံခြင်းဖြစ်ကြောင်းနှင့် သင်တန်းကိုကြိုးစား၍ သင်ယူကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် ရော်ဘာပညာရှင်နှင့်တာဝန်ရှိသူများက ရော်ဘာကျွမ်းကျင်မှုစံချိန်စံညွှန်းများ၊ စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် နည်းပြဆရာများက ရန်ကုန်၊ ပဲခူး၊ နေပြည်တော်၊ တနင်္သာရီ၊ မွန်၊ ကရင်တို့မှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးအား ၁၅ ရက်ကြာစာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

# ဇီးကုန်းမြို့နယ်၌ ကြက်ခြေနီရှေးဦးပြုစုခြင်းအခြေခံသင်တန်း(၁/၂၀၂၅)သင်တန်းဆင်း

ဇီးကုန်း ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်ကြက်ခြေနီအသင်း(ခွဲ)နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဖွင့်လှစ်ခဲ့သော ကြက်ခြေနီရှေးဦးပြုစုခြင်းအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၅)ဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ဇီးကုန်းအခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ဥက္ကဋ္ဌ ဦးညဏ်ကြည်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများက သင်တန်းတွင်သင်ကြားခဲ့သော ခန္ဓာဗေဒဖွဲ့စည်းပုံ၊ အရေးပေါ်လူနာအားဆန်းစစ်ခြင်း၊ ရှေးဦးပြုစုခြင်း၏သဘောတရား၊ အခြေခံပတ်တီးစည်းနည်းများနှင့် အခြေခံအသက်ကယ်အထောက်အကူပြု (CPR) နှလုံးနှိုးဆွခြင်းတို့ကို လက်တွေ့သရုပ်ပြသကြသည်။

ဆက်လက်၍ သင်တန်းဆင်းလက်မှတ်များနှင့်ထူးချွန်ဆုရရှိသူများအား မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြောင်း သိရသည်။

တင့်ဆွေ(ပြန်/ဆက်)



# ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကွန်ဟိန်း ဇူလိုင် ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုမျှတရေး၊ သစ်တောသစ်ပင်စိုက်ပျိုးခြင်းတွင် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်းပါဝင်လာစေရေးအတွက် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဆိုင်းမွန်ကျေးရွာ ကုန်ထုတ်လမ်းဘေးဝဲ/ယာ၌ ကျင်းပသည်။

ရှေးဦးစွာ ကွန်ဟိန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ကျေးရွာတွင်စိုက်ပျိုးရမည့် ပျိုးပင်များကိုပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများနှင့်ပူးပေါင်း၍ ဆိုင်းမွန်ကျေးရွာတွင် ဆိုင်းမွန်ရွာသစ်(ပန်ပေါင်း)- ဆိုင်းမွန်ကုန်ထုတ်လမ်းဘေးဝဲ/ယာတွင် အရိပ်ရသစ်ပင်ပျိုးပင်များဖြစ်သည့် မဲဇလီပျိုးပင် ၇၀၊ ရေသင်းဝင်ပျိုးပင် ၇၀ နှင့် မန်ကျည်းရှားပျိုးပင် ၆၀ စုစုပေါင်းအရိပ်ရပျိုးပင် ၂၀၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)

# မီးခိုးမြူငွေ့နှင့်သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြော

မင်းလှ ဇူလိုင် ၂၃

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ညောင်ပင်သာ(အရှေ့)ကျေးရွာနှင့် ညောင်ပင်သာ(အနောက်)ကျေးရွာတို့၌ မီးခိုးမြူငွေ့နှင့် သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှမျိုးသူက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဘေးအန္တရာယ်များအကြောင်းနှင့် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ သရက်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်ဖြိုးအောင်က မီးခိုးမြူငွေ့ဖြစ်ပေါ်ရသည့်အကြောင်းများ၊ မီးခိုးမြူငွေ့ကြောင့်ဖြစ်ပေါ်စေသောဆိုးကျိုးများ၊ မီးခိုးမြူငွေ့တွင်ပါဝင်သောအရာများ၊ တောမီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး မီးခိုးမြူငွေ့အကြောင်း သိကောင်းစရာများပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ထို့နောက် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက ကျေးရွာနေပြည်သူများ အသိပညာဗဟုသုတရရှိစေရန်အတွက် ငလျင်ဘေးအန္တရာယ်အကြောင်း၊ စာဖတ်ခြင်းဖြင့်ရရှိသောအကျိုးကျေးဇူးများအကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြောင်း၊ အပူဒဏ်ကြိုတင်ကာကွယ်ရေးအကြောင်း စသည့်အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသကြောင်း သိရသည်။

ချိုလေး

# ကော်ဖီစိုက်ပျိုးမည့်တောင်သူများအား ကော်ဖီပျိုးပင်များပေးအပ်

ပိုင်ကျုံ ဇူလိုင် ၂၃

ကရင်ပြည်နယ် ပိုင်ကျုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကော်ဖီစိုက်ပျိုးမည့်တောင်သူများအား ကော်ဖီပျိုးပင်များပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင်လ ၂၂ ရက်တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်က ကော်ဖီစိုက်ပျိုးခြင်း၏ရည်ရွယ်ချက်၊ ကော်ဖီစိုက်ပျိုးခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ ဖြန့်ဝေသည့်ပျိုးပင်များအား ရှင်သန်စေရေးနှင့် စိုက်ပျိုးဧကပြည့်မီပြီး စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူများအနေဖြင့် သက်ဆိုင်ရာဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကော်ဖီစိုက်ပျိုးမည့်တောင်သူများထံ ပျိုးပင်များလက်ဝယ်အရောက်ပေးအပ်သည်။

ပိုင်ကျုံမြို့တွင် ကော်ဖီ ဧက ၁၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ၂၃ ဧကအတွက် ပျိုးပင် ၁၀၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ၂၀၂၆-၂၀၂၇ ခုနှစ်တွင် လျာထားဧကပြည့်မီရေးအတွက် ပျိုးပင်များအား ဆက်လက်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နော်ခူး(ပြန်/ဆက်)

## အများပြည်သူသို့ အသိပေးကြေညာချက်

နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားသည် နိုင်ငံသားစိစစ်ရေးကတ်ပြားဖြစ်ပါသည်။ နိုင်ငံသားဟုဆိုရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသား လက်မှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ်ကို ဥပဒေနှင့်အညီ ကိုင်ဆောင်ထားသူတို့ကို ဆိုလိုပါသည်။ နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးရရှိကိုင်ဆောင်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်များဖြင့် လွယ်ကူအဆင်ပြေစွာ စိစစ်ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင်လည်း ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြည်သူတို့အတွက် လူမှုစီးပွားဆိုင်ရာထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရန် နိုင်ငံအတွင်းနေထိုင်သူများအား e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကိုလည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ယင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများကို နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ထုတ်ပေးလျက်ရှိနေသော်လည်း ယခုအခါ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်းနှင့် UID နံပါတ်တို့ကို အတုအပပြုလုပ်၍ မသိနားမလည်သည့်ပြည်သူများအပေါ် အခွင့်ကောင်းယူကာ အခကြေးငွေရယူဆောင်ရွက်ပေးနေသူများလည်းရှိနေကြောင်းနှင့် Account အမျိုးမျိုး၊ ဆက်သွယ်ရေးတယ်လီဖုန်းနံပါတ်အမျိုးမျိုးဖြင့် တရားမဝင်ကြော်ငြာများကို Online မှ မဟုတ်မမှန်ဖော်ပြဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID တို့ကို အတုအပပြုလုပ်ခြင်း၊ လက်ဝယ်ကိုင်ဆောင်အသုံးပြုခြင်းတို့သည် ပြစ်မှုမြောက်သည့်အတွက် ထိရောက်သော ပြစ်ဒဏ်ချမှတ်ခံရနိုင်ပြီး လက်ရှိတွင်လည်း အတုအပပြုလုပ်ဆောင်ရွက်သူ၊ လက်ဝယ်ကိုင်ဆောင်အသုံးပြုသူများအား နည်းမျိုးစုံဖြင့် စစ်ဆေးဖော်ထုတ်ကာ တရားစွဲဆိုအမှုဖွင့်၍ ထိရောက်သောပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ လူမှုကွန်ရက်များတွင် တရားမဝင်ကြော်ငြာဖြန့်ဝေလျှံဆော်ဝါဒဖြန့်ဆောင်ရွက်နေမှုများကိုလည်း ဆက်လက်စစ်ဆေးဖော်ထုတ်ကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်လိုပါက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် ပွဲစားများဖြင့်ဆောင်ရွက်ခြင်း၊ အတုအပကိုင်ဆောင်အသုံးပြုခြင်းမပြုကြပါရန် အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသောပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၂၂ ပါတီဖြစ်ကြောင်း သတင်းရရှိသည်။ **မြဝတီ**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၌ "Bharatnatyam" အိန္ဒိယအက အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဆင်းပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၂၃**

"Bharatnatyam" အိန္ဒိယအက အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဆင်းပွဲ အခမ်းအနားကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) သရဖီဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီး H.E. Mr.Abhay Thakur ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဒေါက်တာကေသီထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ Swami Vivekananda Cultural Centre (ရန်ကုန်)မှ တာဝန်ရှိသူများနှင့် ကျောင်းသား၊ကျောင်းသူများ၊ သဘင်ပညာဌာနမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် သဘင်ပညာဌာနမှကျောင်းသူတစ်ဦးက အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ အတွေ့အကြုံများကိုရှင်းလင်းတင်ပြပြီး သဘင်ပညာဌာနမှကျောင်းသား၊ကျောင်းသူများက လေ့လာသင်ယူတတ်မြောက်ခဲ့သော "Bharatnatyam" အိန္ဒိယအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် Swami Vivekanand Cultural Center (ရန်ကုန်) မှ ကျောင်းသူများက Saraswati အကဖြင့်လည်းကောင်း၊ သဘင်ပညာဌာနနှင့် Swami Vivekananda ယဉ်ကျေးမှုစင်တာမှ ကျောင်းသား၊ ကျောင်းသူများက Pushpanjali အကဖြင့်လည်းကောင်း၊ သဘင်ပညာဌာနမှစင်တော်ပြိုင်အက (ရုပ်သေးနှင့်လူ) ဖြင့်လည်းကောင်း၊ အိန္ဒိယအကပညာရှင် Ms. Lanan နှင့် သဘင်ပညာဌာနမှ လက်ထောက်ကထိက ဒေါ်ခိုင်မာလွင်တို့က Myanmar and Tami Fusion အကဖြင့်လည်းကောင်း၊ Swami Vivekananda ယဉ်ကျေးမှုစင်တာမှ ကျောင်းသူများက သကြ်ံန်အကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ အိန္ဒိယသံအမတ်ကြီးနှင့် ပါမောက္ခချုပ်တို့က အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး ဒုတိယပါမောက္ခချုပ်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

## သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၁၄-၅-၂၀၂၅) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၅ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ာဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ငပုတောမြို့နယ်၊ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊


(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**



❒ ကျောဖုံးမှအဆက်

ဆင်ဖြူတော်ကလေး၏ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ၄က်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာသြဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ၅ ခုစီနှင့်နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက်၃ နှစ်သားအရွယ်တွင် အရပ်အမြင့် ၅ ပေ ၃ လက်မ၊ ကိုယ်လုံးလုံးပတ် ၈ ပေ၊ ကိုယ်အလေးချိန် ၁၅၇၃ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့်ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန်လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ မြဝတီ

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားခဲ့သည့် မိုင်းပေါက်မြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်မှုအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပေါက်မြို့နယ်အတွင်း ဇူလိုင်လ၂၁ ရက်နှင့် ၂၂ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မိုင်းပေါက်-ပန်ဆန်းသွားကားလမ်းနှင့် မိုင်းဖျန်-ဟိုတောင်း-မိုင်းပေါက် သွားကားလမ်းပေါ်တွင် တောင်ပြိုကျမှုများဖြစ်ပွားခြင်း၊ မိုင်းပေါက်မြို့အဝင် ကတ္တရာလမ်းပိုင်း၌ ရေ ၃ ပေခန့် ဖုံးလွှမ်းခြင်း၊ မိုင်းပေါက်မြို့ပေါ်အတွင်းရှိ အနိမ့်ပိုင်းနေရာများ၌ ရေ၇ ပေခန့် ဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံပြည်သူ ၂ ဦး သေဆုံးခဲ့ပြီး နေအိမ်အချို့နှင့် မော်တော်ယာဉ်များ ရေနစ်မြုပ်မှုဖြစ်ပွားကာ ပြည်သူအချို့အား ရေဘေးလွတ်ကင်းရာသို့ ယာယီပြောင်းရွှေ့ခဲ့ရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများအား ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိလာရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြိုဆို၍ ကျိုင်းတုံတပ်နယ်မှ တပ်မတော်သားများက ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပို့ဆောင်မည့် မော်တော်ယာဉ်များပေါ်သို့ လွှဲပြောင်းတင်ဆောင်ပေးကြသည်။

ထို့နောက် ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပို့ဆောင်မည့် ယာဉ်များ၌ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အိပ်ရာလိပ်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများအပါအဝင် ထောက်ပံ့ရေးပစ္စည်း (၁၆)မျိုး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၁၀၀ အပါအဝင် ထောက်ပံ့ရေးပစ္စည်း(၄)မျိုး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ဆန်အိတ် ၁၀၀ အပါအဝင် ထောက်ပံ့ရေးပစ္စည်း(၂)မျိုး၊ စုစုပေါင်း (၂၂)မျိုး ပါဝင်ပြီး ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ၊ နယ်မြေခံတပ်မတော်သားများ၊ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မိုင်းပေါက်မြို့သို့ ဆက်လက်ထွက်ခွာကြသည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးပြီး လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ထောက်ပံ့ရေးပစ္စည်းများကို မော်တော်ယာဉ်များပေါ်သို့ လွှဲပြောင်းတင်ဆောင်ပေးနေမှုကိုကြည့်ရှုစစ်ဆေးစဉ်။

❒ အမျိုးသားဘောလုံးပွဲမှအဆက်

သုဝဏ္ဏဘောလုံးလေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)တို့၌ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များက လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များအဖြစ် ပဒုမ္မာအားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန်ပြီးဆုံးသည်အထိ တစ်ဖက်နစ်ဂိုးစီ သရေရလဒ်ရရှိခဲ့ပြီး အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားရာတွင် အလားတူဖြစ်နေသည့်အတွက် ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် ကချင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၇ဂိုး- ၅ဂိုးဖြင့်လည်းကောင်း၊ သုဝဏ္ဏဘောလုံးလေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)၌ ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ရရှိခဲ့ပြီး အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက ၃ ဂိုး-၁ ဂိုးဖြင့် လည်းကောင်း အကြိုတ်အနယ်ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။ မြဝတီ

# နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာသော ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်၊ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်ဆက်လက်လက်ခံ

နေပြည်တော် ဇူလိုင် ၂၃

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ဆောင်ရွက်ကာ ပြန်လည်ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၄၂၆ ဦးတို့ကို ဆက်လက်ကျောင်းအပ်လက်ခံပေးသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၅၅ ဦးတို့ကို တပ်မတော်သားဆရာဝန်များနှင့် နယ်မြေခံဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက နောင်ချိုမြို့ မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်၍ အဖျားရောဂါ၊ ပိုလီယိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်သားများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



တပ်မတော်သားဆရာဝန်များနှင့် နယ်မြေခံဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက နောင်ချိုမြို့သို့ပြန်လည်ဝင်ရောက်လာသော ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသမှုများဆောင်ရွက်ပေးစဉ်။

# လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အစည်းအဝေးသို့ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၃

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ (၄/၂၀၂၅) အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းမှတက်ရောက်ကြသည်။




ရှေးဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ခုနစ်လတာကာလအတွင်း ကော်မရှင်လုပ်ငန်းတာဝန် ၁၅ ချက်ကို ချမှတ်ပေးခဲ့ရာ အတိုင်းအတာတစ်ခုအထိအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခင်ပြီးစီးခဲ့သည့် အစည်းအဝေးများမှရရှိခဲ့သည့် ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် အခြေခံပြီး ဆက်လက်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့်ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များ စူးစမ်းလေ့လာ၊ တူးဖော်မည့်ကိစ္စရပ်များ၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍဆောင်ရွက်ဆဲနှင့် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအပါအဝင် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးသွားစေလိုကြောင်း။

Generation Mix ကိစ္စနှင့်ပတ်သက်၍ မိမိတို့ နိုင်ငံတွင် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ပညာရှင်များက နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်အပေါ်မူတည်ပြီး ဓာတ်အားဖြည့်ဆည်းပေးနိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန်၊ ပြန်ပြည့်မြဲစွမ်းအင်အချိုးအစားတစ်ခုပါဝင်ရန်အတွက် အမှန်တကယ်ရရှိနိုင်မည့်စွမ်းအင်လောင်စာများနှင့်နှစ်အလိုက်ရည်မှန်းချက်လျာထားပြီး Generation Mix သတ်မှတ်ရန်လိုအပ်မည်ဖြစ်သည့်အတွက် National Electricity Master Plan 2014 (JICA) နှင့် Nationally Determined Contribution (NDC) 2021 ရည်မှန်းချက်များအပေါ် အကြံပြုဆွေးနွေးရန်ရှိသည်များကို ဆွေးနွေးပေးစေလိုကြောင်း၊ တစ်ဆက်တည်းတွင် အရင်းအမြစ်မျိုးစုံမှ လျှပ်စစ်နှင့်စွမ်းအင်ထုတ်ယူသုံးစွဲမှုနှင့်ပတ်သက်ပြီး လျှပ်စစ်ကဏ္ဍတွင် လက်ရှိအသုံးပြုနေသောအရင်းအမြစ်များအပြင် နေရောင်ခြည်စွမ်းအင်၊ လေအား၊ LNG စသည့် အရင်းအမြစ်များကိုပါတိုးမြှင့်အသုံးပြုနိုင်ရန်၊ နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းများမှတစ်ဆင့် ဓာတ်အားဝယ်ယူခြင်းတို့ကဲ့သို့ နည်းလမ်းများပါအကောင်အထည်ဖော်ဆောင်ရွက်နေကြသလို စွမ်းအင်ကဏ္ဍတွင်လည်း လက်ရှိရှိရင်းစွဲရေနံမြေများထုတ်လုပ်မှုတိုးတက်လာရန် အဆင့်မြင့်နည်းပညာရပ်များ အသုံးပြုခြင်း၊ ရေနံမြေအသစ်များရှာဖွေခြင်း၊ ကမ်းလွန်စီမံကိန်းအသစ်များ အကောင်အထည်ဖော်ခြင်း၊ ရေနံချက်စက်ရုံများ အသစ်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ဆောင်ရွက်လျက်ရှိကြောင်း။

ယခုလိုဖွံ့ဖြိုးရေးလုပ်ငန်းများ တစ်ရက်စောပြီးပါက နိုင်ငံတော်အတွက် တစ်ရက်ပို၍အကျိုးရှိမည်ဖြစ်ရာ လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ထပ်မံတိုက်တွန်းလိုကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းများသည် လုပ်ငန်းသဘောသဘာဝအရ ရင်းနှီးမြှုပ်နှံမှုများပြားသည့် စီမံကိန်းများဖြစ်၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရရှိလာရေးကိုလည်း ဦးစားပေးလုပ်ငန်းရပ်တစ်ခုအနေဖြင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုအတွက်ကိုလည်း “နိုင်ငံတကာနှင့်ဒေသတွင်း လျှပ်စစ်နှင့်စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအဖွဲ့”ကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်ဖွဲ့စည်းခဲ့ပြီးဖြစ်ရာ အဆိုပါအဖွဲ့အနေဖြင့်လည်း လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက်ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ထို့ပြင် ပြည်တွင်း/ပြည်ပမှ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ရန်ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ရေး၊ အခွင့်အလမ်း(Opportunity)များ ဖန်တီးပေးနိုင်ရေး၊ ဆွဲဆောင်မှု(incentive)ပေးရေး၊ လုပ်ငန်းကြန့်ကြာမှုများလျော့နည်းစေရန် စီမံဆောင်ရွက်ပေးခြင်း၊ စီမံကိန်းမြေနေရာရရှိနိုင်ရေး One Stop Service၊ ငွေကြေးဆိုင်ရာညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အခက်အခဲများ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးခြင်းစသည့်လုပ်ဆောင်ပေးနိုင်သည်များကို အမြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြစ်သည့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အမျိုးသားအကျိုးစီးပွား(National Interest)နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု (Socio Economic)တို့အတွက်အဓိကကျကြောင်း၊ လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်ရန်နှင့် ပြန်ပြည့်မြဲစွမ်းအင်မှ ထုတ်ယူသုံးစွဲရန်ကိုလည်း အမြဲလမ်းညွှန်မှာကြားလျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ရန်ကုန်တိုင်းဒေသကြီး ဆိုလာပြားထုတ်လုပ်သည့်စက်ရုံကို သွားရောက်စစ်ဆေးခဲ့သည့်ခရီးစဉ်တွင် ပြည်တွင်းတွင် ထုတ်လုပ်သည့် ဆိုလာပြားများ၏ အရည်အသွေးကို ပြည်ပမှတင်သွင်းသည့်ဆိုလာပြားများနှင့်ယှဉ်လျှင် အရည်အသွေးလျော့ကျမှုမရှိစေရေးနှင့် စနစ်တကျထုတ်လုပ်နိုင်ရေး၊ ဆိုလာပြားများအား ပြည်တွင်း၌လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုပြီး ဆိုလာပြားထုတ်လုပ်မှုတိုးတက်ရေးနှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ စွမ်းအင်ကဏ္ဍတွင် အထူးသဖြင့် ကမ်းလွန်လုပ်ကွက်စီမံကိန်းများသည် အရေးကြီးသည့် စီမံကိန်းများဖြစ်သောကြောင့် ယင်းစီမံကိန်းများကို သတ်မှတ်ချိန်အတိုင်း ဆောင်ရွက်နိုင်ရေးလေ့လာရေးနှင့်ရှာဖွေရေးလုပ်ငန်းများ မြန်မြန်စတင်နိုင်ရန် သက်ဆိုင်ရာကုမ္ပဏီများကိုတွန်းအားပေးကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားလိုကြောင်း၊ ထို့ပြင် စက်သုံးဆီများကို ပြည်တွင်းတွင်တိုးမြှင့်ထုတ်လုပ်နိုင်မှုကြောင့် နိုင်ငံခြားငွေသုံးစွဲရမှုကို လျော့နည်းသက်သာစေရန် ရေနံချက်စက်ရုံများအဆင့်မြှင့်တင်ခြင်းကို သတ်မှတ်ချိန်အတွင်းပြီးစီးရေး အလေးထားဆောင်ရွက်ပေးစေလိုကြောင်း၊ လျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာသုံးစွဲနိုင်ရေးအစီအမံချမှတ်နိုင်ရန်၊ ဓာတ်အားလျော့နည်းပျောက်ဆုံးမှုမဖြစ်စေရေး စစ်ဆေးရေးအဖွဲ့များဖွဲ့၍စစ်ဆေးနိုင်ရန်၊ ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ လာမည့်နွေရာသီအမီ လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေရေး ဆက်လက်ဆောင်ရွက်သွားရန်ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့်ကော်မရှင် ဒုတိယဥက္ကဋ္ဌ(၂) စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က တတိယအကြိမ် အစည်းအဝေးကာလအပြီး လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် ကော်မရှင်၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြကြပြီး ကော်မရှင်အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က ကော်မရှင်အစည်းအဝေး(၃/၂၀၂၅)ဆုံးဖြတ်ချက်များအနက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတို့နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုနှင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များက ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသော ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများက ချမှတ်ထားသည့် လုပ်ငန်းတာဝန်များအပေါ် မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်သောအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများနှင့် အကြံပြုချက်များအား ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ UMFCCI ဥက္ကဋ္ဌတို့က ပြည်ထောင်စုနယ်မြေ၊ မိမိတို့တိုင်းဒေသကြီး/ ပြည်နယ်အတွင်း ဆောင်ရွက်ဆဲ/ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း အခြေအနေများနှင့် ကော်မရှင်၏ လုပ်ငန်းတာဝန်များအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍အကြံပြုလိုသည်များကို ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

**မြဝတီ**

---

# The 38th Thai King’s Cup ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်း ငွေတံဆိပ်တစ်ခုစတင်ဆွတ်ခူး

ရန်ကုန် ဇူလိုင် ၂၃

ထိုင်းနိုင်ငံ Hat Yai မြို့တွင်ကျင်းပလျက်ရှိသည့် The 38th Thai King’s Cup 2025 ပြိုင်ပွဲတွင် မြန်မာအသင်းမှ ငွေတံဆိပ်တစ်ခုစတင်ဆွတ်ခူးရရှိထားကြောင်း သိရသည်။

အဆိုပါ ငွေတံဆိပ်ဆုကို အမျိုးသမီး Hook Takraw Event ပွဲစဉ်အဖြစ် ဇူလိုင်လ ၂၂ ရက်က ပြုလုပ်သည့်ပြိုင်ပွဲ၌ ကစားသမားနွယ်နွယ်ထွေး၊ ကြူကြူသင်း၊ ဖြူဖြူသန်း၊ ခင်နှင်းဝေ၊ ဆုတင်ဇာနိုင်နှင့် နေခြည်နွေးတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ထိုင်းအသင်းက ရမှတ် ၉၀၀ ဖြင့်ပထမ၊ မြန်မာအသင်းက ရမှတ် ၇၅၀ ဖြင့်ဒုတိယ၊ ဗီယက်နမ်အသင်းက ရမှတ် ၄၄၀၊ လာအိုအသင်းက ရမှတ် ၃၂၀ တို့ဖြင့် တတိယဆုများရရှိခဲ့ကြသည်။

မြန်မာအသင်းသည် ယနေ့ပြိုင်ပွဲများအဖြစ် Men Quadrant ပြိုင်ပွဲတွင် မလေးရှားအသင်း၊ စင်ကာပူအသင်းတို့နှင့်လည်းကောင်း၊ Women Quadrant ပြိုင်ပွဲတွင် လာအိုအသင်း၊ အိန္ဒိယအသင်း၊ ဗီယက်နမ်အသင်းတို့နှင့်လည်းကောင်း၊




Mix Quadrant ပြိုင်ပွဲတွင် ထိုင်းအသင်း၊ မလေးရှားအသင်း၊ ဗီယက်နမ်အသင်းတို့နှင့်လည်းကောင်း အုပ်စုပွဲစဉ်များယှဉ်ပြိုင်လျက်ရှိကြကြောင်း သိရသည်။ **ဝန်းရံခ**

# မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ

နေပြည်တော်   ဇူလိုင်   ၂၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Michael Dunford အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ



# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ (၁၆)ကြိမ်မြောက် အစည်းအဝေးကျင်းပ





နေပြည်တော်   ဇူလိုင်   ၂၃

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၆)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က (၁၅)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် အာမခံကြေးကို ပြင်ဆင်သတ်မှတ်ပေးသွင်းစေသည့် ဗဟိုကော်မတီ၏ "အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၅)"ကို ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း။

ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်နှင့်အညီ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၊ စားရေရိက္ခာဖူလုံစေရေးနှင့် ပြည်ပတင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအား အသုံးပြုလုပ်ကိုင်ခွင့်ပြုနိုင်ရန် ယနေ့အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး၍ စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများ၊ ကာလတိုအတွင်း အကျိုးစီးပွားဖြစ်ထွန်းစေမည့်(Quick Win)လုပ်ငန်းများကို ဦးစားပေးခွင့်ပြုသွားရမည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားပြီး စည်းကမ်းချက်သတ်မှတ်ကာလ လေးနှစ်အတွင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိသည့် မြေဧရိယာများကို အထူးအဖွဲ့များဖြင့် ကွင်းဆင်းစိစစ်၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုပေးထားသော လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များအား ပြန်လည်ရုပ်သိမ်းနိုင်ရေးနှင့် အာမခံကြေးများအား နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းနိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူးက အစည်းအဝေးတွင်ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းစာတွဲများအားတင်ပြရာ ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လုပ်ငန်းရပ်တစ်ခုချင်းအပေါ် ဆွေးနွေးစိစစ်ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေး၌ သက်ဆိုင်ရာဝန်ကြီးဌာနများက သဘောထားပြန်ကြားလာသည့် လုပ်ငန်းစာတွဲများ စိစစ်တင်ပြခြင်း၊ ယခင် ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များအရ ပြန်လည်စိစစ်တင်ပြလာသည့် လုပ်ငန်းစာတွဲများ၊ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုမိန့်ပြန်လည်အပ်နှံသည့်ကိစ္စရပ်၊ ပေးသွင်းထားသည့် အာမခံကြေးပြန်လည်ထုတ်ယူခွင့်ပြုပါရန် တင်ပြလာသည့်ကိစ္စရပ်၊ အကောင်အထည်ဖော်ရမည့် ကာလ သက်တမ်းတိုးမြှင့်ပေးပါရန် တင်ပြသည့် ကိစ္စရပ်၊ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများက မြေခွန်ပေးသွင်းရန် ကျန်ရှိမှုအခြေအနေတို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် ဦးစီးဌာနရုံးများအား ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန်   ဇူလိုင်   ၂၃

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားသင်ယူနေမှုများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းစာကြည့်တိုက်များအတွင်း အကျိုးပြုစာပေကောင်းများ၊ သုတရသစာအုပ်ကောင်းများထားရှိရေး၊ ကျောင်းသား၊ ကျောင်းသူများ၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ ရှင်သန်ထက်မြက်စေရေး၊ စည်းကမ်းကောင်းမွန်ရေးတို့အတွက် ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ရန်ကုန်ရုံးခွဲသို့ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားကာ မြန်မာ့ပညာရေးရုပ်သံ စတူဒီယိုခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသက်လွင်က ဦးစီးဌာန၏လုပ်ငန်းဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲကျင်းပခဲ့သည့်နှစ်အလိုက် စာမေးပွဲဖြေဆိုခွင့်ကတ်မှတ်တမ်းထားရှိမှုအခြေအနေ၊ ပြည်နယ်တိုင်းအလိုက် စာမေးပွဲဌာနစိတ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မြဝတီ



| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
| --- | --- |
| နေပြည်တော် | ၂၅°C / ၃၀°C |
| ရန်ကုန် | ၂၄°C / ၂၉°C |
| မန္တလေး | ၂၇°C / ၃၃°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## နေရာကွက်၍ မိုးကြီးမည်

နေပြည်တော်   ဇူလိုင်   ၂၃

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးမည်။ (မိုး/ဇလ)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Tatmadaw columns recontrol Thabeikkyin

NAY PYI TAW July 23

Thabeikkyin Township in Thabeikkyin District, Mandalay Region, is the northernmost township in the region. It is a port town on the east bank of Ayeyawady and is bordering towns in Kachin State, Sagaing Region and Shan State (North). Thabeikkyin is only 77 miles from Mandalay by river. Large ships of Inland Water Transport are sailing to-and-from between Bhamo and Myitkyina and there are ferry boats travelling up and down the river between Mandalay and Thabeikkyin. Hence, it was a busy river port and a town with good trade. It is nearly 40 miles from Mogok which serves as transit to Momeik, Bhamo and Myitkyina in Kachin State and Kyaukme and Hsipaw in Shan State (North). The town is connected with Mandalay by a road measuring about 60 miles. Hence, it is a transport hub.

A combined group of terrorist insurgents, TNLA and PDF, started to attack security outposts and units and battalions in Thabeikkyin Township, a center town, and towns and villages on 18 August 2024 via Momeik and Mogok townships with all their strength. They then committed terrorist acts such as torching local people's homes, looting public property. In this regard, locals had to leave behind their property and flee to safer places.

As the casualty rate rose and the number of enemy forces grew, security forces set up buffer areas systematically retreating in phase by phase. They joined with the local battalion near the 7th-mile village, set up a no-retreat defence line and halted the enemy offensive with a counter-defensive strategy. They took time in preparing a counterattack through the air transport system.

After making administrative and other reinforcements, Tatmadaw troops took some aerial supporting fire and supporting fire from naval boats and artillery troops launched the counterterrorism operation harmoniously from air, land and river. Tatmadaw columns collected ground information and started to clear the enemy from the surrounding areas of the battalion HQ and then launched the counterterrorism operation in Thabeikkyin Township,

See Page - 21►►



Tatmadaw men raise the Union Flag in Thabeikkyin.



Tatmadaw columns recapture Thabeikkyin, which was under the control of terrorist insurgents.



Tatmadaw men guarding the Myanmar Fire Services Department.



Arms, ammunition and accessories seized from terrorist insurgents.



Arms, ammunition and accessories seized from terrorist insurgents.

# Kanbalu Township to grow more than 140,000 acres of rain-fed paddy this year

KANBALU July 23

Data of Kanbalu Township Agriculture Department in Sagaing Region stated that local authorities earmarked cultivation of more than 140,000 acres of rain-fed paddy in Kanbalu Township this year.

During the 2025-2026 monsoon crop season, it is planned to cultivate 142,558 acres of rain-fed paddy in Kanbalu Township. It is reported that this paddy cultivation will begin in July of this year and continue until September.

U Myo Zaw, the Township Head of the Kanbalu Township Agriculture Department, said: "For this year's monsoon crop season, more than 140,000 acres of rain-fed paddy are planned to be cultivated in Kanbalu Township. We will work towards achieving the target acreage. Necessary technologies and quality seeds will be provided for rain-fed paddy cultivation. Field-level assistance will be provided to help farmers sow their paddy on time."

It is reported that for this year's monsoon crop season, the Township Agriculture Department and local farmers will cooperate to ensure systematic cultivation without difficulties.

In Kanbalu Township, farmers growing rain-fed paddy will be provided with agricultural techniques, awareness on pest prevention, guidance to avoid crop loss, information to ensure harvested paddy is transported to sheltered areas in a timely manner.

It is also reported that in order to ensure the success and good yield of the rain-fed paddy fields cultivated this year, the Township Agriculture Department staff will carry out field-level activities such as selecting high-quality seeds, preventing pest infestations, weeding and thinning out crops, removing off-type varieties and proper use of fertilizers and nutrients.

**SK**

# Bogale Township ships large volume of eels to Yangon market

BOGALE July 23

"Businesspersons from Bogale Township of Ayeyawady Region sent a large volume of eels to Yangon market in May," said Daw Tin Tin Win, the owner of fishery product trading commodity in Bogale Township.

Over 75,000 viss of eels were exported and sold from Bogale Township to the Yangon market, according to the reports. The increase in eel exports and sales is attributed to rising demand from the Yangon market.

"Since the first week of May, eel exports have significantly improved. The surge in eel trade is believed to be due to the resumption of local eel-related businesses. Eels from our region are mainly exported to Yangon. From there, they are further distributed to other domestic and international markets. With this increase in demand, eel breeders, workers, and catchers are seeing better conditions," said Daw Tin Tin Win.

It was also reported that during the past month, the price of 10 viss of eels exported from Bogale Township to the Yangon market reached up to Ks-175,000. These regionally sourced eels are primarily sold to the Yangon market and then distributed to other regions from Yangon.

**SK**



# Dabayin Township cultivates more than 10,000 acres of rain-fed pigeon pea this year



DABAYIN July 23

Local farmers have finished cultivation of more than rain-fed pigeon pea in Dabayin Township of Sagaing Region, according to YeU District Agriculture Department.

In 2025-26 monsoon cultivation season, local authorities earmarked cultivation of 20,201 acres of rain-fed green gram in Dabayin Township but farmers have planted 10,017 acres of crops against the target cultivation.

U Zaw Myint Tun, Head of YeU District Agriculture Department, commented: "Local farmers have so far planted more than 10,000 acres of pigeon pea against the target of more than 20,000 acres in Dabayin Township. Our department helps local farmers meet the target cultivation and boost per-acre yield of crops. Local farmers cultivate crops as a separate crop as well as a mixed-crop in other plantations."

Officials of the Township Agriculture Department distribute techniques of using quality seeds, correct agricultural technology, prevention of pests and boosting per-acre yield of crops.

Moreover, officials of the department share techniques of making natural fertilizers and pests with local farmers in order to reduce purchase of fertilizers and pests and cut agricultural costs. **SMK**

# Mingin Township grows over 1,000 acres of rain-fed vegetables

MINGIN July 23

More than 1,000 acres of vegetables have been planted in Mingin Township during this year's rain crops planting season, according to the statistics of the Department of Agriculture for Mingin Township.

Mingin Township has planned to plant 3,028 acres of vegetables during the 2025-2026 rain crops planting season, and the planting of these vegetables has started in May this year, and 1,362 acres have been planted so far.

"This year's rain crops planting season, Mingin Township has planned to plant more than 3,000 acres of vegetables. More than 1,000 acres have been planted so far. We are continuing to plant. We are working to ensure that the target acres are met. These are mustard, chili, spices, potatoes, cabbages, and eggplant. We provide farmers with technology to grow all vegetables according to the GAP system. We provide farmers with technology to grow all vegetables with the least chemical residue and in a healthy way," said Daw Hayman Kyaw Win, head of the Department of Agriculture for Mingin Township.

**SMK**

# KhinU Township grows over 16,000 acres of rain-fed pigeon peas

KHINU July 23

More than 16,000 acres of pigeon peas have been planted in KhinU Township, Shwebo District, Sagaing Region in this year rain crops planting season, according to the Departmentof Agriculture for KhinU Township.

During the 2025-2026 rain crops planting season, KhinU Township is planning to plant 20,626 acres of pigeon peas, and planting has begun since May this year, and 16,995 acres have been planted to date.

"This year, KhinU Township is planning to plant more than 20,000 acres of pigeon peas in this year rain crops planting season. More than 16,000 acres have been planted to date. We are continuing to plant. We are working to ensure that the target acres are met. We are also working to improve the yield of pigeon peas. We plant pigeon peas separately and as an inter-crop," said U Ne Win Naing, head of the Departmentof Agriculture for KhinU Township.

**SK**

# US destroyer approaches Iranian-controlled waters in Gulf of Oman


TEHRAN July 23

A US destroyer nears waters controlled by Iran in the Gulf of Oman, prompting a warning from Iranian forces, according to a Wednesday report by Iran's state broadcaster IRIB.

A US destroyer has approached Iranian-controlled waters in the Gulf of Oman, Iranian military issues warning, the Iranian state Television and radio company IRIB reported on Wednesday.

Earlier in the day at around 07:30 GMT, the US destroyer DDG Fitzgerald intended to approach Iranian-controlled waters in the Gulf of Oman. After this, an Iranian helicopter took off to warn the US military, but the US destroyer threatened to shoot down the helicopter.

In response to a repeated threat from the US destroyer, the Iranian air defence system was activated, thus giving a categorical warning that the helicopter is under full protection of the defense systems and the US destroyer must change its route to the south. **Sputnik**




# Ukrainians rally against crackdown on anti-corruption watchdogs - reports




MOSCOW July 23

Ukrainians rallied in four major cities on Tuesday in protest against the government crackdown on two anti-corruption agencies, Ukrainian media reported on Tuesday.

Earlier in the day, the Ukrainian parliament passed a bill that limits the autonomy of the National Anti-Corruption Bureau of Ukraine (NABU) and the Special Anti-Corruption Prosecutor's Office (SAP). Several lawmakers criticized the government for trying to terminate the anti-corruption watchdogs.

Hundreds of people angered by the government's assault on anti-graft agencies gathered in Kiev, with dozens more protesting in the western city of Lvov, according to the footage posted online. Kiev Mayor Vitali Klitschko was spotted at the rally in the capital.

Demonstrations also took place in Dnepropetrovsk, in central Ukraine, and in the southern port city of Odessa.

On Monday, Ukrainian news website Strana .ua reported that the Ukrainian Security Service (SBU) searched the NABU headquarters. SAP said that the SBU had accessed information about covert operations and special investigations conducted by both NABU and SAP during the raids.

Ambassadors of the G7 countries expressed serious concern regarding the SBU's investigation into NABU on Monday, saying they would raise the issue with the Ukrainian government.

**Sputnik**

# Nine killed as coal mine collapses in India's Jharkhand

NEW DELHI July 23

At least nine people were killed and a few others feared trapped after a portion of a coal mine collapsed in the eastern Indian state of Jharkhand, officials said Wednesday.

The collapse took place on Tuesday night.

Experts say the coal mining industry is poorly regulated, and workers with little protection often face life-threatening situations. **Xinhua**

# At least four killed in fire in Iraq's capital Baghdad

BAGHDAD July 23

A fire broke out in a civilian house in eastern Baghdad on Wednesday, killing at least four and severely injuring two others, a source from the Iraqi Interior Ministry told Xinhua.

The incident occurred in the al-Amin neighborhood after an electrical transformer caught fire due to high temperatures and heavy overload, sparking a blaze that quickly spread to the nearby civilian house, the source said on condition of anonymity.

Civil defence teams rushed to the scene to put out the fire, the source added.

The incident came just a few days after a massive fire broke out at a hypermarket in Kut, the capital of Iraq's eastern Wasit Province, which claimed the lives of at least 61 people.

Iraq has witnessed multiple fire incidents recently, as many parts of the country are undergoing a scorching summer heat that reaches 50 degrees Celsius.

**Xinhua**

# German officials attack Polish Baltic Sea oil drilling plan

BERLIN July 23

German officials and environmental groups have hit out at Polish plans to develop a newly discovered oil and gas field in the Baltic Sea, warning of potentially "catastrophic" damage to local ecosystems, local media reported on Tuesday.

Canadian company Central European Petroleum (CEP), which has held exploration rights off Poland's western coast since 2017, announced the discovery of the Wolin East deposit on Monday, describing it as Poland's largest hydrocar-bon discovery and one of the biggest in Europe in a decade.

The deposit lies 6 km off the port of Swinoujscie on the Polish-German border, which divides an island shared by the two countries, known in Germany as Usedom, and is renowned for its holiday resorts. CEP estimates recoverable reserves at over 33 million tons of oil and 27 billion cubic meters of gas, with production potential of more than 400 million barrels of oil equivalent.

German officials, however, fear the project will harm local tourism and ecosystems. Mecklenburg-Western Pomerania Environment Minister Till Backhaus told Die Welt the plans run "counter to the environmental and tourism interests of the German side," and criticized Poland for not informing Berlin of exploration "with potentially transboundary environmental impacts" in advance, allegedly in violation of cross-border environmental agreements.

Concerns have also been raised about noise, vibrations, and possible damage to marine flora and fauna. In an interview with Bild news outlet, Laura Isabelle Marisken, mayor of the Heringsdorf resort on Usedom, called for clarification from the Polish government and protection from Berlin, stating the area was "not a place for industrial-political poker games."

Environmental group Lebensraum Vorpommern accused Poland of "destroying the nature-protected Wolin Baltic Sea coast" and warned of an "environmental catastrophe." It said it plans to sue the Polish government.

There has so far been no official reaction to the planned extraction from Berlin.

Poland considers the discovery a "breakthrough" that could reduce its reliance on energy imports. Undersecretary of State and Chief Geologist Krzysztof Galos said the deposit may cover 4-5 percent of annual oil demand, with production starting in 3-4 years, pending permits. **RT**

▶▶ From Page - 18

which was under the control of terrorist insurgents. They then advanced step by step from the places they took foothold and recaptured 6th-mile village, under control of terrorist insurgents, in Thabeikkyin Township on 30 June 2025, the 5th-mile village on 5 July, 4th-mile village and tower hill near it on 17 July and finally, the entire Thabeikkyin today.

Tatmadaw columns fought fiercely, risking their lives without hesitation, to retake Thabeikkyin town and its surrounding areas. During the 11-month operation period, there were 17 major battles and 45 clashes with terrorist insurgents, resulting in the seizure of 51 enemy corpses, 112 various weapons, and related equipment.

While the TNLA group and the so-called PDF terrorist groups temporarily occupied and controlled Thabeikkyin town and its surrounding areas, they were found to have committed destructive acts such as setting up bunkers inside religious buildings, schools, government offices, hospitals, and residential homes to attack Tatmadaw columns. They also used the abandoned homes of displaced local civilians as defensive barriers to fire upon security forces. Additionally, they broke into civilian homes and market stalls, forcibly stealing valuables, food, and household goods. They also planted mines and destroyed public roads used by civilians.

The Tatmadaw columns have begun mine clearance operations in Thabeikkyin town to ensure the safe return and resettlement of displaced local civilians. Civilians who wish to return to their homes and resume their socio-economic livelihoods are urged to report systematically to the relevant security forces for coordination. Meanwhile, the respective regional government is working with departmental staff to quickly restore government administrative mechanisms, schools, and hospitals. We proudly present these victorious combat reports of the triumphant Myanmar Tatmadaw members.

**100**



Photo shows the Township People's Hospital destroyed by terrorist insurgents.



Terrorist insurgents used religious buildings as their bunkers.



Terrorist insurgents turned religious buildings into fortifications.



A school building, destroyed by terrorist insurgents.



A school building, destroyed by terrorist insurgents.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Cybersecurity, Space and Science

မောင်ယုယ စုစည်းတင်ပြသည်။

## တစ်နာရီ မိုင် ၂၈၀ အရှိန်နှုန်းဖြင့်ပျံသန်းနိုင်ပြီး အကွာအဝေး ၁၅၅ မိုင်ရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်သည့် ကမ္ဘာ့အမြန်ဆုံး Sky Shark ဒရုန်း

တစ်နာရီလျှင် မိုင် ၂၈၀ အရှိန်နှုန်းဖြင့် မောင်းနှင်နိုင်သည့် ကမ္ဘာ့အမြန်ဆုံးစစ်ဘက်သုံး ကာမီကာဇေဒရုန်းတစ်မျိုးကို ဗြိတိန်နိုင်ငံမှ အင်ဂျင်နီယာကုမ္ပဏီတစ်ခုဖြစ်သည့် MGI က တီထွင်ထုတ်လုပ်နိုင်ခဲ့သောကြောင့် မျက်မှောက်ကာလ စစ်မြေပြင်ရှိစစ်ဆင်ရေး အခြေအနေများကို ပြောင်းလဲနိုင်မည့် အလားအလာများ ထွက်ပေါ်လာလျက်ရှိသည်။

အဆိုပါဒရုန်းအား Sky Shark ဟု အမည်ပေးထားသည်။ အဆိုပါကမ္ဘာ့အမြန်ဆုံး ဒရုန်းအား တီထွင်ထုတ်လုပ်ခဲ့သည့် အင်ဂျင်နီယာအဖွဲ့ကို ဦးဆောင်ခဲ့သူမှာ Formula 1 ပြိုင်ကားမောင်းပြိုင်ပွဲမှ နည်းပညာဆိုင်ရာညွှန်ကြားရေးမှူးဟောင်း တစ်ဦးဖြစ်သည်။ ထို့ကြောင့် အဆိုပါ အင်ဂျင်နီယာအဖွဲ့သည် ၎င်းတို့ထုတ်လုပ်ထားသည့် ဒရုန်းအား ပြိုင်ကားတစ်စီး၏ အရှိန်နှုန်းအတိုင်း မောင်းနှင်ပျံသန်းနိုင်စေရန် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။



အဆိုပါအင်ဂျင်နီယာအဖွဲ့သည် Sky Shark ဒရုန်းအား ဗြိတိန်နိုင်ငံ အောက်စဖို့ရှိုင်းယားပြည်နယ် အင်စတုန်းလေယာဉ်ကွင်း၌ ဇူလိုင်လ ၁၁ ရက်တွင် စမ်းသပ်ပျံသန်းခဲ့ပြီးဖြစ်သည်။

အင်ဂျင်နီယာများသည် ၎င်းဒရုန်းအား ထောက်လှမ်းရေးသတင်းအချက်အလက် စုဆောင်းခြင်း၊ ပစ်မှတ်များကိုတိုက်ခိုက်ခြင်း၊ ဂျီပီအက်စ်စနစ်အသုံးပြု၍မရနိုင်သည့် နေရာဒေသများနှင့် အန္တရာယ်များပြားသည့် ပတ်ဝန်းကျင်တို့တွင် အသုံးပြုခြင်း စသည့်စစ်ဆင်ရေးများတွင်အသုံးပြုရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင်အင်ဂျင်နီယာများသည် Sky Shark ဒရုန်းကို ပုံစံနှစ်မျိုးဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ပြီး တစ်မျိုးမှာ ဓာတ်ငွေ့တာဘိုင်အင်ဂျင်ကိုအသုံးပြုထားသည်။ ကျန်ပုံစံတစ်မျိုးမှာမူ Greenjets ကုမ္ပဏီမှထုတ်လုပ်ထားသည့် လျှပ်စစ်အင်ဂျင်တစ်လုံးတပ်ဆင်ထားသည်။

၎င်းဒရုန်းကို အင်ဂျင်နီယာအဖွဲ့က တရားဝင်စမ်းသပ်ပျံသန်းရာတွင် ဒရုန်းသည် တစ်နာရီလျှင် မိုင် ၂၈၀ (၄၅၀ ကီလိုမီတာ) အရှိန်အထိမောင်းနှင်နိုင်ပြီး အကွာအဝေး ၁၅၅ မိုင် (၂၅၀ ကီလိုမီတာ) အကွာရှိပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိကြောင်း တွေ့ရှိခဲ့ကြသည်။ ထို့ပြင် Sky Shark ဒရုန်းတွင် အလေးချိန်အားဖြင့် ၄၄ ပေါင် (၂၀ ကီလိုဂရမ်)ရှိ ထိပ်ဖူးတစ်ခုကိုလည်း သယ်ဆောင်နိုင်စွမ်းရှိသည်။

မောင်းနှင်ပျံသန်းရာတွင်လည်း Sky Shark ဒရုန်းအနေဖြင့် ကွန်တိုမြေပုံဖြင့် ချိန်ညှိပေးသည့်စနစ်၊ လမ်းကြောင်းရှာစနစ်တို့ကို အသုံးပြုထားခြင်းကြောင့် ဂြိုဟ်တုမှတစ်ဆင့်ပေးပို့သည့် အချက်ပြမှုများအပေါ် အမှီသဟဲပြုနေရခြင်းကို လျှော့ချနိုင်သောကြောင့် အရေးကြီးသည့် စစ်ဆင်ရေးများတွင် ထိရောက်စွာ အသုံးပြုနိုင်မည့် ကမ္ဘာ့အမြန်ဆုံးဒရုန်း ဖြစ်သည်။

Ref: De

## အာကာသနယ်ပယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒုံးကျည်ကာကွယ်ရေးစနစ် ထုတ်လုပ်မှုတို့အတွက် အမေရိကန်အနေဖြင့် အသုံးစရိတ်တိုးမြှင့်




အမေရိကန်ပြည်ထောင်စုသည်အာကာသနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒုံးကျည်ကာကွယ်ရေးစနစ် ထုတ်လုပ်မှုတို့အတွက် အသုံးစရိတ်အဖြစ် ဒေါ်လာ ၄၉ ဒသမ ၆ ဘီလီယံအထိ တိုးမြှင့်အသုံးပြုခဲ့သည်။ အသုံးစရိတ်တိုးမြှင့်မှုကြောင့် ပြီးခဲ့သည့်နှစ်ကထက် ၇ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာကြောင်း Bloomberg က ဇူလိုင်လ ၂၂ ရက်တွင်ဖော်ပြသည်။

အမေရိကန်အစိုးရသည် လက်ရှိတွင် အာကာသနယ်ပယ်ကာကွယ်ရေးနှင့် Golden Dome ဒုံးကျည်ကာကွယ်ရေးစနစ်ထုတ်လုပ်ရေးကို အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုးပမ်းနေခြင်းကြောင့် အသုံးစရိတ်မှာ ဆက်လက်မြင့်တက်လာဖွယ်ရှိသည်။

ထို့ပြင်အမေရိကန်အစိုးရအနေဖြင့်အခြားနိုင်ငံများမှ ပြုလုပ်လာနိုင်ဖွယ်ရှိသည့်တိုက်ခိုက်မှုများကို ကာကွယ်ပေးနိုင်မည့် အာကာသလက်နက်များထုတ်လုပ်ရန်အတွက် ၂၀၂၆ ခုနှစ်တွင် ဒေါ်လာ ၁၆ ဘီလီယံနှင့် နိုင်ငံပိုင်နက်အတွင်းသို့ ပြိုင်ဘက်နိုင်ငံများ၏ဒရုန်းများ၊ ဒုံးကျည်များနှင့် အသံထက်မြန်သည့်ယာဉ်များ ဝင်ရောက်လာခြင်းကို ရှာဖွေဖော်ထုတ်နိုင်သည့် ဂြိုဟ်တုအသစ်တစ်စင်း တည်ဆောက်ရန်အတွက် အနည်းဆုံးဒေါ်လာ ၇ ဒသမ ၂ ဘီလီယံတို့ကို အသုံးပြုမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု၏ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် Golden Dome ဒုံးကျည်ကာကွယ်ရေးစနစ်သည် မရှိမဖြစ်လိုအပ်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယခုနှစ် မေလအတွင်းကပြောကြားထားပြီး အစိုးရက အဆိုပါအစီအစဉ်အတွက် ဒေါ်လာ ၁၇၅ ဘီလီယံကို လျာထားကြောင်း Bloomberg တွင် ဆက်လက်ဖော်ပြထားသည်။

Ref: Iv

## ဟက်ကာများက Microsoft ကုမ္ပဏီ၏ Share Point Software အားနည်းချက်ကိုအသုံးချ၍ ကမ္ဘာတစ်ဝန်းတွင် ဆိုက်ဘာတိုက်ခိုက်

ဟက်ကာများသည် ကမ္ဘာကျော်Microsoftကုမ္ပဏီ၏ အရေးပါသည့် လုံခြုံရေး Share Point Software ၏ အားနည်းချက်ကိုအသုံးချ၍ ကမ္ဘာတစ်ဝန်းတွင် ဆိုက်ဘာတိုက်ခိုက်မှုများလုပ်ဆောင်လျက်ရှိကြောင်း Washington Post သတင်းစာကြီးက ဇူလိုင်လ ၂၁ ရက်တွင် ဖော်ပြသည်။

ဆိုက်ဘာတိုက်ခိုက်မှုများသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဖြစ်ပွားခြင်းဖြစ်ပြီး ဟက်ကာများသည် Share Point Software ၏ အားနည်းချက်ကို အခွင့်ကောင်းယူ၍ အစိုးရအဖွဲ့များနှင့် တစ်ကမ္ဘာလုံးရှိ စီးပွားရေးလုပ်ငန်းများက အသုံးပြုနေသည့် အချက်အလက်ဝေမျှရေးစနစ်အတွင်းသို့ ထိုးဖောက်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် သုတေသီများ၏ ပြောကြားချက်ကိုကိုးကား၍ သတင်းစာကဖော်ပြခြင်းဖြစ်သည်။

ဟက်ကာများသည် အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၊ ဘရာဇီး၊ ဥရောပသမဂ္ဂအဖွဲ့၊ တရုတ်နိုင်ငံအတွင်းရှိအဖွဲ့အစည်းများကို အဓိကထား တိုက်ခိုက်ခြင်းဖြစ်သည်။ အဆိုပါဆိုက်ဘာတိုက်ခိုက်မှုသည် မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်သည်ကို လက်ရှိတွင် မသိရသေးသော်လည်း Microsoft ကုမ္ပဏီအနေဖြင့်လောလောဆယ်တွင် ဆိုက်ဘာတိုက်ခိုက်မှု၏ အကျိုးသက်ရောက်မှုကို ထိန်းချုပ်နိုင်ရေးအတွက် အမေရိကန်အမိမြေလုံခြုံရေး ဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

ဆိုက်ဘာတိုက်ခိုက်ခံရသည့် အမေရိကန်အဖွဲ့အစည်းများတွင် နျူကလီးယားလက်နက်ဆိုင်ရာ အေဂျင်စီအဖွဲ့လည်းပါဝင်သည်။

ထို့ကြောင့် နိုင်ငံအများအပြားသည် ယခုအခါ အနောက်နိုင်ငံများမှ နည်းပညာဝန်ဆောင်မှုကုမ္ပဏီများအပေါ် အမှီသဟဲပြုခြင်းအား တဖြည်းဖြည်း လျှော့ချ၍ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုးပမ်းလာကြပြီဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံသည် လာမည့် ၂၀၂၇ ခုနှစ်မှစ၍ ပြည်ပမှထုတ်လုပ်ထားသည့် Hardware နှင့် Software များ၏နေရာတွင် ပြည်တွင်းဖြစ် နည်းပညာများဖြင့် အစားထိုးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

Ref: Rt



# တိုဂိုနိုင်ငံနှင့်စစ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် တစ်ရပ်ချမှတ်နိုင်ရန် ဥပဒေမူကြမ်းတစ်ရပ်ကို ရုရှားအတည်ပြု

**မော်စကို၊ စစ်ရေး**

ရုရှားနှင့်တိုဂိုနိုင်ငံတို့အကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ချမှတ်နိုင်ရန်အတွက် ဥပဒေမူကြမ်းတစ်ရပ်ကို ရုရှားအစိုးရက အတည်ပြုလိုက်ကြောင်း ရုရှားမီဒီယာကြီးတစ်ခုက ဖော်ပြသည်။




အဆိုပါဥပဒေမူကြမ်းသည်ရုရှားနိုင်ငံက အနောက်အာဖရိကဒေသနှင့် ကာကွယ်ရေးဆက်ဆံမှုတိုးမြှင့်နေစဉ် ထွက်ပေါ်လာခြင်းဖြစ်ပြီး တိုဂိုနိုင်ငံနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် ရုရှားနိုင်ငံက တိုဂိုတပ်မတော်အတွက် ပူးတွဲစစ်ရေးလေ့ကျင့်မှုများပေးအပ်ခြင်း၊ စစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်စေခြင်းနှင့် ဆေးဝါးကုသရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့ပါဝင်ကြောင်း ရုရှားအစိုးရကော်မရှင်အဖွဲ့ဝင်တစ်ဦးလည်းဖြစ်၊ ရုရှားရှေ့နေများဘုတ်အဖွဲ့မှ ဥက္ကဋ္ဌဖြစ်သူ ဗလာဒီမာ ဂရက်ဒက်ဗ်ကပြောကြားသည်။

တိုဂိုနိုင်ငံသည် အာဖရိကဒေသရှိ ရုရှားနိုင်ငံ၏ မဟာဗျူဟာမြောက် လုပ်ဖော်ကိုင်ဖက် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မကြာမီနှစ်များအတွင်း ၎င်းနိုင်ငံအတွင်းရှိ ပြင်သစ်နိုင်ငံ၏လွှမ်းမိုးမှုများ တဖြည်းဖြည်း လျော့ကျလာပြီးနောက် ရုရှားနိုင်ငံက အဆိုပါအာဖရိကနိုင်ငံနှင့် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လာခြင်းဖြစ်သည်။

ထို့ပြင် တိုဂိုနိုင်ငံ၏ အနောက်အာဖရိကအိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘာကီနာဖာဆို၊ မာလီနှင့် နိုင်ဂျာနိုင်ငံတို့သည် ယခုအခါ ပြင်သစ်နိုင်ငံနှင့် ကာကွယ်ရေးအရဆက်ဆံမှုများကို ဖြတ်တောက်ပစ်ပြီးနောက် လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတို့တွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။ **Ref: Rt**

# ဂျပန်ဝန်ကြီးချုပ် ရှီဂဲရု အီရှီဘာ ရာထူးမှနုတ်ထွက်ရန်ဆုံးဖြတ်



**တိုကျို၊ နိုင်ငံရေး**

ဂျပန်နိုင်ငံတွင် ဇူလိုင်လ ၂၀ ရက်က ကျင်းပခဲ့သည့် အထက်လွှတ်တော် ရွေးကောက်ပွဲ၌ အာဏာရညွန့်ပေါင်းအစိုးရက အမတ်နေရာအများစုကို ဆုံးရှုံးခဲ့ပြီးနောက် ဝန်ကြီးချုပ် ရှီဂဲရူ အီရှီဘာ အနေဖြင့် ရာထူးမှနုတ်ထွက်ရန်ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။

အာဏာရညွန့်ပေါင်းအစိုးရအဖွဲ့တွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) နှင့် ခိုမေတိုပါတီတို့ပါဝင်ပြီး ၎င်းပါတီကြီးနှစ်ခုသည် အထက်လွှတ်တော်တွင် အမတ်နေရာအလုံအလောက်မရရှိခဲ့ပေ။ ထို့ကြောင့် ဝန်ကြီးချုပ် အီရှီဘာအနေဖြင့် ၎င်း၏ရာထူးမှတရားဝင်နုတ်ထွက်ခြင်းကို ယခုနှစ် ဩဂုတ်လအကုန်ပိုင်းတွင် ထုတ်ပြန်ဖွယ်ရှိသည်။

ရွေးကောက်ပွဲ၌ LDP ရှုံးနိမ့်ပြီးနောက် ဝန်ကြီးချုပ်အီရှီဘာသည် ယခင်ဝန်ကြီးချုပ်ဟောင်းများဖြစ်သည့် ယူရှီဟီဒေဆူဂါ၊ ဖူမီယို ကီရှီဒါနှင့် တာရိုအာဆိုတို့နှင့်တွေ့ဆုံ၍ တောင်းပန်သွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့မှအရင်းအမြစ်များကပြောသည်။

ရွေးကောက်ပွဲတွင် အမတ်နေရာအလုံအလောက်မရရှိခြင်းသည် ဝန်ကြီးချုပ်အီရှီဘာ ဦးဆောင်သည့် LDP အတွက် ဒုတိယအကြိမ်မြောက် ဆုံးရှုံးမည်ဖြစ်သည်။ အီရှီဘာ၏ ပါတီသည် ပြီးခဲ့သည့် အောက်လွှတ်တော်ရွေးကောက်ပွဲတွင်လည်း လိုအပ်သည့် အမတ်နေရာမရရှိခဲ့သော်လည်း အတိုက်အခံပါတီအတွင်း၌ ကွဲပြားမှုနှင့် သဘောထားကွဲလွဲမှုများ ဖြစ်ပွားနေခြင်းကြောင့် အီရှီဘာအနေဖြင့် ရာထူးမှမနုတ်ထွက်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ **Ref: Ts**

# နိုင်ငံတကာသတင်းတိုကဏ္ဍ

## အကျင့်ပျက်မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်သည့် ဇီလန်စကီ၏ ဥပဒေကို ယူကရိန်းပြည်သူများက ဆန္ဒပြကန့်ကွက်

ယူကရိန်းနိုင်ငံတွင် သမ္မတ ဇီလန်စကီက အမျိုးသားအကျင့်ပျက်မှုတိုက်ဖျက်ရေးဗျူရိုနှင့် အကျင့်ပျက်မှုတိုက်ဖျက်ရေးဆိုင်ရာ ရှေ့နေရုံးတို့၏ လုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်လိုက်သည့် ဥပဒေကို ဆန့်ကျင်သည့်အနေဖြင့် ယူကရိန်းပြည်သူထောင်ပေါင်းများစွာက ကန့်ကွက်ဆန္ဒပြခဲ့ကြောင်းသိရသည်။

ဆန္ဒပြပြည်သူများသည် ကီယက်မြို့တော်ရှိ ဖရန်ကို ပြဇာတ်ရုံအနီးတွင် စုရုံး၍ အစိုးရ၏ဥပဒေကို ဆန္ဒပြကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း ယူကရိန်းအွန်လိုင်းသတင်းစာကြီးတစ်စောင်တွင် ဇူလိုင်လ ၂၂ ရက်တွင် ဖော်ပြထားသည်။

ထို့ပြင် ဆန္ဒပြမှုများသည် အခြားမြို့တစ်မြို့ဖြစ်သည့် လဗစ်မြို့တွင်လည်းဖြစ်ပွားခဲ့ပြီး အစိုးရ၏ အကျင့်ပျက်မှုတိုက်ဖျက်ရေးအဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်ခြင်းသည် အကျင့်ပျက်ခြစားခြင်းအပေါ် အလျှော့ပေးခြင်းသာဖြစ်သည်ဟု ဆန္ဒပြသူတစ်ဦးကပြောကြားခဲ့ကြောင်း သိရသည်။ Ref: Iv

## ထိုင်း-ကမ္ဘောဒီးယားနယ်စပ်တွင် မိုင်းပေါက်ကွဲမှုကြောင့် ထိုင်းစစ်သည်တစ်ဦး ဒဏ်ရာရရှိပြီးနောက် သံအမတ်အား ထိုင်းအစိုးရက ပြန်လည်ခေါ်ယူ

ထိုင်းနှင့်ကမ္ဘောဒီးယားနိုင်ငံတို့အကြား အငြင်းပွားနေသည့် နယ်စပ်တစ်လျှောက်တွင် မိုင်းပေါက်ကွဲမှုကြောင့် ထိုင်းစစ်သည်တစ်ဦး ဒဏ်ရာရရှိခဲ့ပြီးနောက် ထိုင်းအစိုးရက ၎င်းတို့၏ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကို ပြန်လည်ခေါ်ယူခဲ့ကြောင်း အာဏာရဖူထိုင်းပါတီက ဇူလိုင်လ ၂၃ ရက်တွင် ထုတ်ပြန်သည်။

နှစ်နိုင်ငံအကြားတွေ့ရှိရသည့် နင်းမိုင်းများသည် မကြာသေးမီက ထောင်ထားသည့် မိုင်းများဖြစ်ပြီး အဆိုပါနယ်စပ်ဒေသတွင် ထိုင်းစစ်သည်များက ယခင်လုပ်ဆောင်ခဲ့သည့် ကင်းလှည့်မှုအတွင်း ကြုံတွေ့ခဲ့ရခြင်းမရှိကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပြီး ကမ္ဘောဒီးယားနိုင်ငံအား သံတမန်နည်းလမ်းအရ ကန့်ကွက်ခဲ့ကြောင်းသိရသည်။

ထို့ပြင် ထိုင်းအစိုးရသည် နိုင်ငံအတွင်းရှိ ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကို နိုင်ငံအတွင်းမှထွက်သွားရန် နှင်ထုတ်လိုက်ပြီဖြစ်ကြောင်းသိရသည်။

အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကမ္ဘောဒီးယားအစိုးရက တစ်စုံတစ်ရာထုတ်ပြန်ထားခြင်းမရှိပေ။

သို့သော်လက်ရှိတွင် ထိုင်းအစိုးရက မိုင်းပေါက်ကွဲမှုဖြစ်ပွားသည့်ဒေသရှိနိုင်ငံ၏နယ်စပ်ဖြတ်ကျော်ရေးစခန်းအားလုံးကိုပိတ်ထားရန် အမိန့်ပေးထားကြောင်းသိရသည်။ **Ref: St**

# နျူကလီးယားအရေးနှင့်စပ်လျဉ်း၍ အီရန်နှင့် တိုက်ရိုက်ဆွေးနွေးရန်အသင့်ရှိဟု အမေရိကန်ပြော

**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်အစိုးရအနေဖြင့် အီရန်နိုင်ငံ၏ နျူကလီးယားအရေးနှင့်စပ်လျဉ်း၍ အီရန်အစိုးရနှင့် တိုက်ရိုက်ဆွေးနွေးရန် အသင့်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြန်ကြားရေးလုပ်ငန်းဆိုင်ရာ အကြီးအကဲဖြစ်သူတမ်မီဘရုကပြောကြားခဲ့ကြောင်းသိရသည်။

အီရန်နိုင်ငံအနေဖြင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် လက်ရှိတွင် ငြိမ်းချမ်းပြီးကြွယ်ဝချမ်းသာသည့် လမ်းကြောင်းကို ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ အမေရိကန်အစိုးရက နျူကလီးယားအရေးနှင့်စပ်လျဉ်း၍ အီရန်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တိုက်ရိုက်ဆွေးနွေးရန် အသင့်အနေအထားရှိနေကြောင်း တမ်မီဘရုက ဇူလိုင်လ ၂၂ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အီရန်အစိုးရသည် ၎င်းတို့နိုင်ငံ၏ နျူကလီးယားအရေးနှင့်စပ်လျဉ်း၍ အမေရိကန်နှင့် ဆွေးနွေးရန်လမ်းဖွင့်ထားသည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်အာရက်ချီက အစောပိုင်းတွင်ပြောကြားထားသည်။ သို့သော် အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား တိုက်ရိုက်မဟုတ်ဘဲ တစ်ဆင့်ခံဆွေးနွေးမှုဖြင့် ဆွေးနွေးအဖြေရှာရန် အီရန်က ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။



အီရန်နိုင်ငံသည် အစောပိုင်းကလည်း ၎င်းတို့၏နျူကလီးယားအရေးနှင့်စပ်လျဉ်း၍ ဥရောပအင်အားကြီးနိုင်ငံများဖြစ်သည့် ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီတို့နှင့် ဆွေးနွေးရန် သဘောတူညီချက် ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။ **Ref: Iv**

# ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့၌ကျင်းပသည့် 20th Asia Media Summit သို့ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အဖွဲ့ တက်ရောက်

ဆီယမ်ရိ ဇူလိုင် ၂၃

ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့ Sokha Siem Reap Resort & Convention Center ၌ ဇူလိုင်လ ၂၁ ရက် မွန်းလွဲပိုင်းက 20th Asia Media Summit ၏ အကြိုဆွေးနွေးပွဲဖြစ်သည့် Youth Digital Empowerment Workshop and Girls in ICT Day Cambodia 2025 ကိုကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် တက်ရောက်သည်။



ဆွေးနွေးပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Neth Pheaktra နှင့် တာဝန်ရှိသူများ၊ ဆီယမ်ရိ ပြည်နယ်အစိုးရအဖွဲ့မှ ပုဂ္ဂိုလ်များ၊ အာရှပစိဖိတ်နိုင်ငံများနှင့် အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ Asia Institute for Broadcasting Development (AIBD) နှင့် International Telecommunication Union (ITU) တို့မှတာဝန်ရှိသူများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ မီဒီယာကိုယ်စားလှယ်များနှင့်ကမ္ဘောဒီးယား နိုင်ငံ တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ထိုနေ့တွင် Pre-workshop များကို Section များခွဲ၍ ကျင်းပရာ "Transforming Media Content Creation Through AI Powered Tools Technologies"၊ "Role of Broadcasting in Effective Early Warning System"၊ "The Role of Information Diplomacy in Dispelling Disinformation"၊ "Technology Driving Accessibility for the Future Broadcast and Media" ခေါင်းစဉ်များဖြင့်ကျင်းပသည့် အလုပ်ရုံ ဆွေးနွေးပွဲများသို့ မြန်မာကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

ယမန်နေ့နံနက်ပိုင်းက 20th Asia Media Summit ဖွင့်ပွဲအခမ်းအနားကို Sokha Siem Reap Resort and Convention Center ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးရဲတင့်သည် ကမ္ဘောဒီးယားဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးမင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး(ရုပ်မြင်) ဒေါ်မိုးသူဇာအောင်နှင့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် AIBD မှ တာဝန်ရှိသူတို့က အဖွင့်အမှာစကားပြောကြားသည်၊ ထို့နောက် ဒုတိယဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Neth Pheaktra အား တွေ့ဆုံနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် Disinformation: The Role of Media & the Government, Enabling Accessibility in Broadcasting, Inspiring Voices from Across the World နှင့် Information as a Public Good: Upholding Credibility and Empowering Democracy ခေါင်းစဉ်များဖြင့် ကျင်းပသည့် ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

ညပိုင်းတွင် AIBD Gala Dinner & Awarding Ceremony 2025 သို့ တက်ရောက်ပြီး အဆိုပါဆုချီးမြှင့်ပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လုပ်သည့် "Turning Trash into Better Tomorrow" Program ဖြင့် AIBD ၏ Sustainability & Green Technology Award of E-Waste Solutions ဆုကိုပေးအပ်ချီးမြှင့်ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာအောင်က လက်ခံရယူခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့် မြန်မာသံအမတ်ကြီး ဦးကျော်စိုးမင်းတို့သည် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Neth Pheaktra အား တွေ့ဆုံ၍ နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၇၀)ပြည့်မြောက်ခဲ့ပြီးဖြစ်သည်နှင့်အညီ အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ရေး၊ နှစ်နိုင်ငံ မီဒီယာကဏ္ဍတွင် တွေ့ကြုံနေရသည့်သတင်းတု၊ သတင်းမှားများနှင့် အခက်အခဲများအား ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံ ညှိနှိုင်းအတည်ပြုထားပြီးဖြစ်သည့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးတို့ကိုဆွေးနွေးပြီး အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြကာ မွန်းလွဲပိုင်းတွင် ပြုလုပ်သော ဆွေးနွေးပွဲများသို့ ဆက်လက်တက်ရောက်ခဲ့ကြသည်။

20th Asia Media Summit 2025 ကို ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနနှင့် AIBD တို့ပူးပေါင်း၍ "Celebrating Two Decades of Excellence & Beyond" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲများသို့ အာရှပစိဖိတ်နိုင်ငံများနှင့် အာဆီယံနိုင်ငံများမှ အစိုးရတာဝန်ရှိသူများနှင့် ကိုယ်စားလှယ်များ၊ မီဒီယာအဖွဲ့အစည်းများနှင့် မီဒီယာပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူလူငယ်များ ၄၀၀ ခန့်တက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းပြုလုပ်



**နေပြည်တော် ဇူလိုင် ၂၃**

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅၇) အခွန်အယူခံခုံအဖွဲ့ရုံး စုပေါင်းခန်းမ၌ ပြုလုပ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အခွန်အယူခံခုံအဖွဲ့ အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများနှင့် အခွန်အယူခံခုံအဖွဲ့ရုံးရှိအရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်တို့က အမှာစကား အသီးသီးပြောကြားကြသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် မဲပေးခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ၊ အခွန်အယူခံခုံအဖွဲ့ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့်ပတ်သက်၍ လက်တွေ့စမ်းသပ်အသုံးပြုခဲ့ကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းပြသမှုများအပေါ် သိရှိလိုသည်များမေးမြန်းခဲ့ကြကြောင်းသိရသည်။


**မြဝတီ**


# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၃**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)




**● ကျောဖုံးမှအဆက်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၆ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြို့နယ်ပေါင်းစုံမြန်မာ့သိုင်းပြိုင်ပွဲ ဆုပေးပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုကို ကြည့်ရှုအားပေး



နေပြည်တော် ဇူလိုင် ၂၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် မြန်မာ့သိုင်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယ မြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာန ဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တစ်ဦးချင်းဗန်တို အတိုက်ယှဉ်ပြိုင်နေမှုနှင့် မြန်မာ့သိုင်းစွမ်းရည်သရုပ်ပြသမှုများအား ကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် ဆုရရှိသော (၄၀-၄၅)ကီလို ဗန်တိုအတိုက်ပြိုင်ပွဲ၊ (၄၅-၅၀) ကီလို ဗန်တိုအတိုက် ပြိုင်ပွဲ၊ ဓားတစ်လက် ပြိုင်ပွဲ၊ ဓားနှစ်လက်ပြိုင်ပွဲတို့တွင် ဆုရရှိသူ များနှင့် (၆၃)မောင်းပြိုင်ပွဲတွင် တတိယဆု၊ ဒုတိယဆုရရှိသော အသင်းများအား နေပြည်တော်ကောင်စီဝင်များနှင့် တာဝန် ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက (၆၃)မောင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ပုဗ္ဗသီရိမြို့နယ်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုကိုလည်းကောင်း၊ တံခွန်စိုက်ဆုရရှိသော ပျဉ်းမနားမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားအားလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး လယ်ဝေးမြို့ မြန်မာ့စီးပွားရေးဘဏ်သို့သွားရောက်၍လယ်ဝေးမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ပင်စင်လစာလာရောက် ထုတ်ယူကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဒက္ခိဏသီရိမြို့နယ် နေပြည်တော်မြို့ပတ်လမ်းသို့ သွားရောက်ပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲပြုလုပ်ရန်အတွက် မြေရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သစ်ပင်စိုက်ပျိုးရန် ကျင်းတူးနေမှုနှင့် ပန္နက်ရိုက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒက္ခိဏခရိုင် မီးသတ်ဦးစီးဌာန၌ သဘာဝဘေးရှာဖွေကယ်ဆယ်ရေးအတွက် တပ်ဖွဲ့ဝင်များ စုဖွဲ့ထားရှိမှု၊ စက်၊ ယာဉ်၊ ယန္တရားပစ္စည်းများ အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ထန်းတပင် တောရ ဆုတောင်းပြည့် ကျောင်းတိုက်၌ သဘာဝဘေးကယ်ဆယ်ရေးအတွက် စက်လှေများ အသင့်ပြင်ဆင်စုဖွဲ့ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထွန်းလင်း(ဇေယျာမြေ)

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမြင့်စိုး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးမည့် ၄ လက်မ စက်ရေတွင်းနှစ်တွင်းတူးဖော်မည့်နေရာ၊ ညောင်ပင်သာကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ပေးမည့်နေရာနှင့် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် ဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်မည့်နေရာများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း VDP ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက်ကျေးရွာလူမှုစီးပွားဘဝမြင့်မားရေးအချက်အလက်များကို ရွာသူရွာသားများကိုယ်တိုင် ဖော်ထုတ်ရေးဆွဲနေမှုနှင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်သင်ကြားပေးနေသော အခြေခံစက်ချုပ်သင်တန်း၌ လက်တွေ့သင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ညောင်ပင်သာဘုန်းကြီးကျောင်း၌ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးမည့်အစီအစဉ်နှင့်ဆိုင်ကယ်ပြင်သင်တန်းနှင့်စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်တပ်ကုန်းမြို့နယ်သမဝါယမအသင်းစု၌ လှချည်မျှင်ထုတ်လုပ်ရေးသမဝါယမအသင်းက စက်ရက်ကန်းများ တပ်ဆင်ဆောင်ရွက်နေမှုနှင့် ဝါကုန်ကြမ်းဝယ်ယူထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ


# မန္တလေးမြို့အတွင်းရှိ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ ပင်စင်ထုတ်ယူရာတွင် လွယ်ကူချောမွေ့စေရန် Unique Identity(UID) ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

မန္တလေး ဇူလိုင် ၂၃

မန္တလေးမြို့အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ပင်စင်ထုတ်ယူရာတွင် လွယ်ကူချောမွေ့စေရန်အတွက် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့စီးပွားရေးဘဏ်(၁) မန်နေဂျာနှင့် ဝန်ထမ်းများပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိမြန်မာ့စီးပွားရေးဘဏ် (၁)၌ Unique Identity (UID) ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ထွန်းထွန်းနိုင်

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲ ပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၂၃

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိစစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အားကစားအသင်းများ၏ ပထမနေ့ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင်လ ၂၈ ရက် အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ရေကြီးမှုအခြေအနေသတင်း

နေပြည်တော် ဇူလိုင် ၂၃

ယနေ့မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၃ လက်မခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၁ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ပေဝက်ကျော်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၄ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ငါးသိုင်းချောင်းမြို့၊ မြဝတီမြို့၊ ရွှေကျင်မြို့နှင့် တာချီလိတ်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)


# အလုပ်သမားဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၂၃

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် အခြေခံကောင်းများကို အသုံးချ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် အလုပ်သမားဝန်ကြီးဌာနမှ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ယာယီဝန်ထမ်းအိမ်ရာအနီး မင်္ဂလာကန်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀ ကျော် စိုက်ထည့်ခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| မချမ်းဘော့ | ၃၇˚C |
| ချောက် | ၃၆.၂˚C |
| ကလေးဝ | ၃၆˚C |
| ခန္တီး | ၃၅.၇˚C |
| ပူတာအို | ၃၅.၂˚C |
| မြင်းမူ | ၃၄.၅˚C |
| မိုးကောင်း | ၃၄.၄˚C |
| ကလေး | ၃၄.၂˚C |
| ပခုက္ကူ | ၃၄˚C |
| မြင်းခြံ | ၃၃.၉˚C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ကျိုက္ကမီ | (၄.၉၂)လက်မ |
| မော်လမြိုင် | (၄.၅၃)လက်မ |
| ကျိုက်မရော | (၃.၉၀)လက်မ |
| သာပေါင်း | (၃.၈၀)လက်မ |
| ပေါင် | (၃.၃၉)လက်မ |
| ဇွဲကပ် | (၃.၃၅)လက်မ |
| မုဒုံ | (၃.၃၅)လက်မ |
| မိုင်းပျဉ်း | (၃.၀၁)လက်မ |
| လပွတ္တာ | (၂.၉၉)လက်မ |
| ချောင်းဆုံ | (၂.၈၇)လက်မ |
| ကျုံပျော် | (၂.၈၃)လက်မ |
| ဘီးလင်း | (၂.၈၃)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၄ | ၃၄ |
| ရှမ်း(မြောက်) | ၂၁ | ၃၀ |
| ရှမ်း(အရှေ့) | ၂၃ | ၃၀ |
| ရှမ်း(တောင်) | ၁၈ | ၂၅ |
| ချင်း | ၁၄ | ၂၆ |
| စစ်ကိုင်း(အထက်) | ၂၅ | ၃၄ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၄ |
| နေပြည်တော် | ၂၅ | ၃၀ |
| မန္တလေး | ၂၇ | ၃၃ |
| မကွေး | ၂၅ | ၃၃ |
| ရခိုင် | ၂၁ | ၃၂ |
| ပဲခူး | ၂၂ | ၃၀ |
| ရန်ကုန် | ၂၄ | ၂၉ |
| ဧရာဝတီ | ၂၃ | ၃၀ |
| ကယား | ၂၀ | ၂၈ |
| ကရင် | ၂၄ | ၂၈ |
| မွန် | ၂၄ | ၂၈ |
| တနင်္သာရီ | ၂၄ | ၃၁ |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၂၅ (ကြာသပတေးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၁၀:၀၀ နိုင်ငံတကာသတင်း
၄။ ၁၁:၀၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ
၅။ ၁၂:၀၀ မြန်မာသံစဉ်ချိုနားဝင်
၆။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၇။ ၁၇:၀၀ ကျင့်ကြံပွားများ လိုက်နာစရာ(၃၈)ဖြာမင်္ဂလာ
၈။ **၁၈:၄၀** ပြည်သူ့ကြားကပြည်သူ့စကား
၉။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း ဂုဏ်ကြီးရှင်မမ (ဇာတ်သိမ်းပိုင်း) သရုပ်ဆောင်-ရဲအောင်၊ စိုးမြတ်သူဇာ ဒါရိုက်တာ-မောင်နီလွင်(သပြု)**

## MWD Variety Channel

၂၄-၇-၂၀၂၅ (ကြာသပတေးနေ့)

၁။ ၀၉:၄၇ သတိမမူ ဂူမမြင်
၂။ ၁၁:၄၃ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့
၃။ ၁၆:၀၃ ကဗျာအလှ ရသလွင်ပြင်
၄။ ၂၁:၀၅ ကွယ်လွန်ထင်ရှား အနုပညာရှင်များ

# လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၃**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင်လ ၁၁ ရက်နေ့ နံနက် ၈ နာရီခွဲအချိန် လယ်ဝေးမြို့နယ်၊ သစ်ကြိမ်းကျေးရွာအုပ်စု၊ ကြာကန်ကျေးရွာအနီးတွင် အောင်နန်းချိုကျေးရွာဘက်မှ တောင်စဉ်အေးရွာဘက်သို့ စောနေပိုင်(ခ)နေပိုင်မောင်းနှင်လာသော LAND CRUSIER မော်တော်ယာဉ်နှင့် ရှေ့နောက်လိုက်ပါလာသည့် ချစ်နိုင်ထွေး(ခ)မိုးဒီ မောင်းနှင်လာသော ALPHARD မော်တော်ယာဉ်တို့အား စစ်ဆေးရှာဖွေရာ အဆိုပါယာဉ် ၂ စီးပေါ်မှ ဘိန်းဖြူ ၆၇ ဒသမ ၃၃ ကီလို (ဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၆၈၃၂၅ ဘီလီယံ) ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ အဆိုပါဘိန်းဖြူများအားလက်ခံ၍ မန္တလေးသို့တာဝန်ခံသယ်ဆောင်သူ သိန်းမြင့်(ခ)သိန်းဟန်သည် တာချီလိတ်ဘက်သို့ တိမ်းရှောင်သွားကြောင်းသိရှိရသဖြင့် ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇူလိုင်လ ၁၂ ရက်နေ့ နံနက် ၇ နာရီခွဲအချိန်တွင် တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးချက်များအရ ဖမ်းဆီးရမိဘိန်းဖြူများအား လွိုင်ကော်မြို့နေ ခွန်နေလင်းအောင်(ခ) အားသိုက်(ခ)ယောဟန်၏ စေခိုင်းချက်အရ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့မှ




လယ်ဝေးမြို့နယ်၊ အောင်နန်းချိုကျေးရွာအနီးသို့ လွိုင်ကော်မြို့နေ သူရိန်စိုး(ခ)ဖိုးသာထူး(ခ)ဖိုးလုံးမှ လာရောက်ပို့ဆောင်ခဲ့သဖြင့် ရေနီမြို့နေ စောနေပိုင်(ခ)နေပိုင်နှင့် ပျဉ်းမနားမြို့နယ်နေ ချစ်နိုင်ထွေး(ခ)မိုးဒီတို့မှလက်ခံ၍ ပုဗ္ဗသီရိမြို့နယ်နေ သိန်းမြင့်(ခ)သိန်းဟန်ထံသို့ လွှဲပြောင်းပေးခဲ့သဖြင့် ၎င်းမှရန်ကုန်နှင့် မန္တလေးမြို့သို့ အကြိမ်ကြိမ်သယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရ၍ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(၁၀၀)**




တရားခံ ချစ်နိုင်ထွေး(ခ)မိုးဒီ၊ စောနေပိုင်(ခ)နေပိုင်နှင့်သိန်းမြင့်(ခ)သိန်းဟန်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား ...
DAGON
MALTA FRESH
2016
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်းနှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူသုံးအသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com

# အဏ္ဏဝါခရီးသွားလုပ်ငန်း၊ နယ်စပ်ဖြတ်ကျော် ယာဉ်တန်းခရီးစဉ်များ အကောင်အထည်ဖော်နိုင်ရေးနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပွဲနှင့် ခရီးသွားစစ်တမ်းကောက်ယူမှုလုပ်ငန်းများ စတင်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

အဏ္ဏဝါခရီးသွားလုပ်ငန်း၊ နယ်စပ်ဖြတ်ကျော် ယာဉ်တန်းခရီးစဉ်များ အကောင်အထည်ဖော်နိုင်ရေးနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အဖွဲ့ဝင် တတ်သိပညာရှင်များနှင့် Shan Yoma Travel & Tours ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ ပိုမိုလာရောက်လည်ပတ်ကြရေး၊ အဏ္ဏဝါခရီးသွားလုပ်ငန်း၊ နယ်စပ်ဖြတ်ကျော်ယာဉ်တန်းခရီးစဉ်များ ဖော်ထုတ်ဆောင်ရွက်နိုင်ရေး၊ ခရီးစဉ်လမ်းကြောင်းများဖော်ထုတ်ရေး၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်စိမ်းခန်းမ၌ကျင်းပသည့် ခရီးသွားစစ်တမ်းကောက်ယူမှုလုပ်ငန်းများ စတင်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင် ပြည်ဝင်ခရီးသွားစစ်တမ်း၊ ပြည်တွင်းခရီးသွားရွေ့ပြောင်းအကြိုလေ့လာမှုစစ်တမ်းနှင့်ပြည်ပထွက်ခွာခရီးသွား ရွေ့ပြောင်းအကြိုလေ့လာမှုစစ်တမ်းများကို ထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်တွင် ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြည်ဝင်ခရီးသွားစစ်တမ်းနှင့် ပြည်တွင်းခရီးသွားစစ်တမ်းတို့ကို မြန်မာနိုင်ငံရှိ မြို့ပေါင်း ၃၀ ကျော်တွင် ကောက်ယူသွားရန် စီစဉ်ထားရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက် လုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ စစ်တမ်းကောက်ယူမည့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ၂၀၂၅ ခုနှစ် ပြည်ဝင်နှင့် ပြည်တွင်းခရီးသွားစစ်တမ်းများ ကောက်ယူမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စစ်တမ်းကောက်ယူမည့်ဝန်ထမ်းများအတွက် ဝတ်စုံများကို ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပပြုလုပ်

နေပြည်တော် ဇူလိုင် ၂၃

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ဗိုလ်လုပွဲပွဲစဉ်အဖြစ် ဝိတ်တန်းအလိုက် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက်ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ ဝိတ်တန်းအလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် မော်ဘီတပ်နယ်ကိုယ်စားပြု



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဒိုင်းဆုရရှိသည့် မော်ဘီတပ်နယ်ကိုယ်စားပြုအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင်လ ၂၁ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၂၃

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၌ နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

# နေရာကွက်၍မိုးကြီးနိုင်


နေပြည်တော် ဇူလိုင် ၂၃

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)




သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော



တေဇ ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာ့ဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် ဇူလိုင်လထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)

၃၀၀ ကျပ်

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

**ပျောက်ဆုံးကြောင်း**

လားလ်ဟရိန်ထား၏(ဘ)ဦးမန်းကိမ်ရိုးလ် ၅/ကလထ(နိုင်)၃၀၇၄၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁


**ပျောက်ဆုံးကြောင်း**

ဇော်ဇော်မျိုး(ဘ)ဦးသောင်းကြွယ် ၁၂/အလန(နိုင်)၁၃၉၁၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အမည်မှန်**

နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ စစ်တောင်း(၂)လမ်းနေ (ဘ)ဦးဘင်ဇမင် ၇/ပမန(နိုင်)၁၇၈၇၃၁ နှင့် (မိ)ဒေါ်ဖြူဖြူစိုး ၁၂/မဘန(နိုင်)၁၉၅၂၃၀ တို့၏သမီး မသော့ဒ်ထားလေ့ဆုန်း၏အမည်မှန်မှာ မထားလေ့ဆုန်းဖြစ်ပါကြောင်း။ မထားလေ့ဆုန်း


# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဇူလိုင် ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ ၂၁ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ယင်းနောက် **ဇူလိုင်လ ၂၂ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ဦးအောင်ဇေယျ(၅)လမ်းရှိ ကမ်းနားဂိုဒေါင် (၁)လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၁၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ စစ်ကိုင်းမြို့သို့ သွားရောက်မည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၉၂၆၅၂၅၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၆၅၂၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထန်းတပင်မြို့နယ်၊ ပန်းတိုင်ကျေးရွာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားမဝင်အခြားသစ်(၄ ဒသမ ၂၈) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၇၂၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၇၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ်၊ ရန်နိုင်(၁) ကျေးရွာ၊ ခြံဝင်းတစ်ခုအတွင်းရှိ ဂိုဒေါင်(၁)လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၈၀၀၀၀) ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ်၊ ရန်ရှင်းကျေးရွာ၊ ခြံဝင်းတစ်ခုအတွင်းရှိဂိုဒေါင် (၁)လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၃၉၀၀၀၀) ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ်၊ ရန်ကင်းကျေးရွာ၊ ခြံဝင်းတစ်ခုအတွင်းရှိ ဂိုဒေါင်(၁)လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၉၀၀၀၀၀)ကို လည်းကောင်း၊ တာချီလိတ်မြို့နယ်၊ ဝမ်ဆောက်ခုံကျေးရွာအနီးရှိဂိုဒေါင်(၁)လုံး အတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၈၆၀၀၀၀) ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ်၊ ပါဝုန်းကျေးရွာအနီးရှိ ဂိုဒေါင်(၁)လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၃၉၀၀၀၀)ကို လည်းကောင်း၊ တာချီလိတ်မြို့နယ်၊ လွယ်စတုံ(အထက်)ကျေးရွာအနီးရှိ ဂိုဒေါင်(၁) လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၄၃၇၀၀၀၀)ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ်၊ လွယ်စတုံ(အောက်) ကျေးရွာအနီးရှိ ဂိုဒေါင်(၁)လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၁၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၂၂ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၁၄)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂၅)စီးဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင်လ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၆၈၁၉၇၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၁၄ ရက်မှ ၂၀ ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၄၇ ဒသမ ၈၂၅၂) တန်၊ သစ်မာ (၅ ဒသမ ၀၉၃၂) တန်၊ အခြား (၅၃ ဒသမ ၈၀၂၄) တန် စုစုပေါင်း (၁၀၆ ဒသမ ၇၂၀၈) တန်၊ ယာဉ်/ယန္တရား (၅)စီး၊ တရားခံ (၁၁) ဦး** ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၅ | ၃၀၇၅ | ၃၀၄၅ | ၂၉၇၅ | ၃၀၈၅ | ၃၁၀၀ | ၃၁၁၅ | ၃၀၃၅ | ၄၅၀၅ | ၃၃၂၅ | ၃၀၅၀ | ၃၀၅၅ | ၃၁၂၀ | ၃၀၈၅ | ၃၁၃၀ | ၃၃၆၅ |
| 95 Ron | ၃၀၂၀ | ၃၃၃၅ | ၃၁၀၀ | ၃၀၃၅ | ၃၁၄၀ | ၃၁၅၅ | ၃၁၇၀ | ၃၀၉၀ | ၄၅၆၀ | ၃၃၈၅ | ၃၁၀၅ | ၃၁၃၀ | ၃၁၈၀ | ၃၁၄၅ | ၃၁၆၅ | ၃၄၂၅ |
| HSD (500 ppm) | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၆၀ | - | ၃၀၅၀ | ၂၇၇၅ | ၂၇၇၅ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (50 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | ၄၈၃၀ | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |
| HSD (10 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | - | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၈၄ |
| 95 Ron | ၂၈၄၉ | ၂၉၄၀ |
| HSD (500 ppm) | ၂၅၂၇ | ၂၆၀၇ |
| HSD (50 ppm) | ၃၁၅၂ | ၃၂၄၄ |
| HSD (10 ppm) | ၃၁၅၂ | ၃၂၄၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၆-၆-၂၀၂၅ ရက်နေ့မှစ၍ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့်** လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၁၃၆-၃၀၃၃၁၊ ၀၁၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**YUN YANG COMPANY LIMITED**

**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၄၇)**

**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၃)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏အထူးအစည်းအဝေးတွင် မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးသန်းထွန်းမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါဆုံးဖြတ်ချက်များကိုချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအရ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၃)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအား ဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်း နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| U SHIN NYEIN | U THAN TUN |
| ADVOCATE (SR. NO. 4644) | MANAGING DIRECTOR |
| LIQUIDATOR | YUN YANG COMPANY LIMITED |
| MAIP MEMBERSHIP NO.00173 | |

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ စိတ္တသုခ၊ အ.ထ.က Grade-9 တွင်ပညာသင်ကြားနေသော မောင်ဟိန်းဇော်ဝင်း၏ဖခင်ဦးသန်းဇော်၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၃၅၅၈၄ ဦးသန်းဇော်ဟိန်း ဖြစ်ပါကြောင်း။ **ဦးသန်းဇော်ဟိန်း**

**ဖခင်အမည်မှန်**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အ.ထ.က(ခွဲ) ရွာသစ်၊ Grade-11 တွင် ပညာသင်ယူနေသော မောင်ဝေယံဖြိုး ကျောင်းဝင်အမှတ်(၁၆၃၄)၏ဖခင် အမည်မှန်မှာ ဦးစိုးဝင်းအောင် ၉/ဒဒသ(နိုင်)၀၀၃၃၉၂ ဖြစ်ပါကြောင်း။ **ဦးစိုးဝင်းအောင်**

**အမည်ပြောင်း**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဝါးကြီးအိုင် အ.ထ.ကမှ အဘ ဦးကျော်အောင် ၈/တတက(နိုင်) ၀၂၃၅၁၂ ၏သား Grade-11 ကျောင်းဝင်အမှတ် A-၀၉၂၇ မောင်ဂျူလိုင်ဖြိုးအား မောင်မင်းခန့်သော် ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မင်းခန့်သော်**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဝက္ကဘေး အ.ထ.က(ခွဲ) ကျောင်းဝင်အမှတ် ၄၆၆၀ မောင်ဝေဖြိုးကျော် Grade-10 ၏ဖခင်ဦးစိုးလွင်ဦး၏ အမည်မှန်မှာ ဦးစိုးလွင် ၈/တတက(နိုင်)၁၁၉၃၉၂ ဖြစ်ပါကြောင်း။ **ဦးစိုးလွင်**

**ပျောက်ဆုံးကြောင်း**

မိုးကုတ်မြို့နယ်၊ ပိတ်စွယ်(၁)ရပ်နေ မအဆမီး (ဘ)ဦးချွန်တား ၉/မကန(နိုင်)၁၃၅၂၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 738209)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ဖခင်အမည်မှန်**

မော်လမြိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အ.လ.က(၃) Grade-6 မှ မောင်ဝေယံမင်းခန့်၏ဖခင်ဦးမင်းမြတ်မင်း၏အမည်မှန်မှာ မင်းမြတ်မင်း ၃/ကကရ(နိုင်) ၁၃၆၀၈၅ ဖြစ်ပါကြောင်း။ **မင်းမြတ်မင်း**

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**မြန်မာ့မီးရထား**

**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၂၂၇/မမ/CE | 2"x 2"x 1/4" thk; M.S Angle (59.38)Tons၊ 2"x 1/4" thk; M.S Flat(41,250)Rft၊ Barbed Wire(300')(400)Coil နှင့် Chain Link(8G)(240,000)Sft ဝယ်ယူရန် |
| ၂ | ၂၂၈/မမ/S&T | **ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအချက်ပြနှင့် ဆက်သွယ်ရေး အဆင့်မြှင့်တင်ခြင်းနှင့်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း** ပျဉ်းမနားဘူတာအချက်ပြစနစ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း(Lot-1) |
| ၃ | ၂၂၉/မမ/S&T | ရမည်းသင်း၊ မြစ်ငယ်နှင့် ပုလိပ်ဘူတာတို့တွင် Motorized Signal စနစ်သို့ ပြောင်းလဲခြင်းလုပ်ငန်း |
| ၄ | ၂၃၀/မမ/S&T | မြို့ဟောင်းဘူတာအချက်ပြစနစ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း |
| ၅ | ၂၃၁/မမ/CE | **ဒါးပိန်-အင်းတိုင်ရထားလမ်းပြုပြင်ခြင်းလုပ်ငန်း** ဒါးပိန်-အင်းတိုင်ရထားလမ်းဟောင်းမြေသားလမ်း တာပေါင်ပြုပြင်ခြင်းလုပ်ငန်း(၉.၃၆)မိုင် |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(၁)မှ(၄)အထိ(၆-၈-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ
အမှတ်စဉ်(၅)မှ(၂၂-၈-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၃-၇-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ ဇလုတ်ကြီးကျေးရွာနေ မောင်သက်တင်ဌေး ၈/နမန(နိုင်)၂၆၈၉၆၃ ၏ဖခင်အမည်မှန်မှာ ဦးခင်ရှိန်(ခ)ဦးကျော်ခင် ၈/နမန(နိုင်)၀၆၆၉၂၁ ဖြစ်ပါကြောင်း။ **ဦးခင်ရှိန်(ခ)ဦးကျော်ခင်**

**ပျောက်ဆုံးကြောင်း**

စန်းစန်းကြူ(ဘ)ဦးဆန်းထွေး ၁၂/မရက(နိုင်) ၁၄၀၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 129132)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဟိန်းသော်ဇင်(ဘ)ဦးခိုင်ကျော်လင်း ၇/ကတခ(နိုင်)၂၄၁၂၆၆ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 742876)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၈၀၄၅၇၆

**ပျောက်ဆုံးကြောင်း**

စန္ဒာမြင့်အောင်(ဘ)ဦးမြင့်အောင် ၁၂/ဥကတ(နိုင်)၁၇၁၄၆၂ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

လီယီကြယ်(ဘ)ဦးလီဝေနိမ့် ၁၃/လရန(နိုင်) ၂၃၅၃၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 192569)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

သိန်းမြင့်ထွန်း(ဘ)ဦးမြင့်ကြည် ၁၄/ဓနဖ(နိုင်)၁၂၅၈၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(၆၁၄၈၀၈)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၅၈၂၉

**ပျောက်ဆုံးကြောင်း**

ရီရီဝင်း(ဘ)ဦးစောစိန် ၁၁/ရသတ(နိုင်) ၀၀၀၂၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ခင်သန်းရီ(ဘ)ဦးဒိုင်းနိမိုင်း ၃/ကကရ(နိုင်) ၀၀၈၆၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 617734)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

တင်စိုး(ဘ)ဦးမောင်ညွန့် ၁၄/အဂပ(နိုင်) ၀၆၁၈၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၁၁၃၅၉၇

**ပျောက်ဆုံးကြောင်း**

နန်းဝင်းလှိုင်(ဘ)ဦးကျော်ထွန်း ၇/သနပ(နိုင်) ၁၆၂၉၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 924849)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၃၂၈၈၃၆၀

**ပျောက်ဆုံးကြောင်း**

ကျော်လင်းထက်(ဘ)ဦးဟုတ်ကြည် ၇/ရတန(ဧည့်)၀၀၀၀၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၃၂၁၂၃၂၇

**ပျောက်ဆုံးကြောင်း**

ဦးစံလင်း(ဘ)ဦးငွေခဲ ၈/မလန(နိုင်)၀၈၄၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

အောင်ဇော်မင်း(ဘ)ဦးမောင်စန်း ၁၂/ရပသ(နိုင်)၀၅၁၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ဇော်လင်းနိုင်(ဘ)ဦးငွေး ၅/ခဥန(နိုင်) ၀၇၉၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဇေရယ်စိုး(ဘ)ဦးစိုးထွန်း ၇/ဖမန(နိုင်) ၂၈၈၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ယမုံအေး(ဘ)ဦးခင်တင့် ၁၂/ဥကတ(နိုင်) ၁၈၆၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဦးဇော်မင်းထက်(ဘ)ဦးကျော်မြင့် ၉/တကန(နိုင်)၂၁၅၉၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

အရှင်ကေလာသ(ဘ)ဦးထွန်းကြည် ၇/ရတန(သ)၀၀၀၉၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဆွမ်လွတ်တန်ဂျီး(ဘ)ဦးဆွမ်လွတ်လ ၁/မမန(နိုင်)၀၆၂၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၇၀၅၆၉၅၃

**ပျောက်ဆုံးကြောင်း**

ဂျာဆိုင်းခေါန်(ဘ)ဦးလမိုင်နော်ဘောက် ၁/မကန(နိုင်)၁၉၇၁၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 761158)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၆၃၉၈၀၇၈

**ဖခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းကျေးရွာအုပ်စု၊ ရေကျော်ကျေးရွာနေ မောင်အေးမင်းပိုင်၊ မအေးအေးမိုး၊ မလင်းချစ်စု၊ မလှဟန်နီအေးတို့၏ဖခင်အမည်မှန်မှာ ဦးနီကွန်း(ခ) သက်ဦး ၇/ပခန(နိုင်)၁၉၉၁၂ ဖြစ်ပါကြောင်း။ **ဦးနီကွန်း(ခ)သက်ဦး**

**ပျောက်ဆုံးကြောင်း**

သန်းဇော်(ဘ)ဦးစိန်ကုလား ၈/ရစက(နိုင်) ၁၆၄၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 937483)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၂၂၉၆၂၆၆

**ပျောက်ဆုံးကြောင်း**

ဖြိုးဝေထွန်း(ဘ)ဦးမြင့်ဦး ၉/ညဥန(နိုင်) ၁၄၆၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၄၇၃၄၇၂၇

**ပျောက်ဆုံးကြောင်း**

အောင်ကျော်ဦး(ဘ)ဦးသန်းထွန်း ၁၂/လမန(နိုင်)၀၀၃၉၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၇၈၉၃၁၁၄

**ပျောက်ဆုံးကြောင်း**

ရွှေရည်ဝင်း(ဘ)ဦးစံဝင်း ၅/တမန(နိုင်) ၀၇၁၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၅၅၇၀၀၂၀

**ပျောက်ဆုံးကြောင်း**

သန်းဆက်အောင်(ဘ)ဦးမောင်မောင်သန်း ၁၂/လမန(နိုင်)၁၄၈၉၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၄၂၅၀၁၇၇

**ပျောက်ဆုံးကြောင်း**

မျိုးမင်းထွန်း(ဘ)ဦးစောလွင် ၁၂/သလန(နိုင်) ၀၉၇၅၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၇၁၉၅၈၅

**ပျောက်ဆုံးကြောင်း**

တင်တင်ရီ(ဘ)ဦးလှဘော်အောင် ၁၂/လမန(နိုင်)၀၉၈၅၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၇၈၉၃၁၁၄

**ပျောက်ဆုံးကြောင်း**

ကျော်ဇင်လွင်(ဘ)ဦးတင်စိန် ၁၂/တကန(နိုင်) ၂၄၆၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၅၄၅၇၁၄၈

**ပျောက်ဆုံးကြောင်း**

နေဝင်းစိုး(ဘ)ဦးစိုးမြင့် ၆/မမန(နိုင်) ၁၁၉၆၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၄၂၁၂၀၉၁

**ပျောက်ဆုံးကြောင်း**

အောင်လင်း(ဘ)ဦးတင်အောင် ၁/ဝမန(နိုင်)၀၀၀၅၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၂၉၂၃၄၇၂

**ပျောက်ဆုံးကြောင်း**

သိမ့်သိမ့်ဝင်း(ဘ)ဦးဘိုဝင်း ၇/ကတခ(နိုင်)၀၇၃၅၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ''မာရဝိဇယ''ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၃-၇-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၂၂၃။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးတင်ဝင်းနှင့်ဇနီး ဒေါ်တင်ကြူကြူဆွေမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၀၂၂၄။ | ဦးဝင်းတင်နှင့်ဇနီး ဒေါ်အေးငြိမ်း၊ (သမီး)မဇွန်သစ်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၂၂၅။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်အေးရင်သန်း၊ (သမီး)မသင်ဇာဝင့်ကျော်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၂၂၆။ | ဦးမောင်မောင်သိန်းနှင့်ဇနီး ဒေါ်မြင့်မြင့်အောင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၂၂၇။ | ဦးလှိုင်မင်းသိန်းနှင့်ဇနီး ဒေါ်နှင်းမာဝင်း၊ (သမီး)မအိမ့်ခြူးစံမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၂၂၈။ | ဦးတင်ဝင်းထွဋ်နှင့်ဇနီး မယဉ်ယဉ်ဝေမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၂၂၉။ | ဦးတင်ထွေးနှင့်ဇနီး ဒေါ်ကြည်ကြည်သန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၂၃၀။ | ကိုအောင်ကျော်စိုးနှင့်ဇနီး မဆွေဆွေအောင်မိသားစုကောင်းမှု | ၁၆၈၀၀၀ |
| ၁၀၂၃၁။ | ဦးမြင့်ကိုကိုနှင့်ဇနီး ဒေါ်မူမူကျော်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၀၂၃၂။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၀၂၃၃။ | မကြည်ဝေမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၂၃၄။ | ကိုရန်နိုင်ထွန်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၂၃၅။ | ဦးစိန်နှင့်ဇနီး ဒေါ်စိန်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၃၆။ | ကိုဝေမျိုးအောင်နှင့်ဇနီး မဇင်မာနွယ်၊ (သား)မောင်ပြည့်စုံမျိုး၊ မောင်စွမ်းပြည့်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၃၇။ | ဦးဇော်မင်းအောင်နှင့်ဇနီး ဒေါ်တင်တင်အေး၊ (သမီး)မမေသက်ခိုင်ဇော်၊ (သား)မောင်ကျော်ထက်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၃၈။ | ဦးတေဇာအောင်နှင့်ဇနီး ဒေါ်ဥမ္မာကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၃၉။ | ကိုဝေရန်ထွန်းနှင့်ဇနီး မနန်းနန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၀။ | ဒေါ်စိန်သန့်၊ သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၁။ | ကွယ်လွန်သူဦးသန်းထူးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၂။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်ဌေးဌေးမြင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၃။ | ဦးထွန်းမြင့်နှင့်ဇနီး ဒေါ်ခင်ကြူကြူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၄။ | ဦးစိုးမင်းလတ်နှင့်ဇနီး ဒေါ်အေးအေးနိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၅။ | ဦးချစ်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၆။ | ဦးလှဖေနှင့်ဇနီး ဒေါ်စိန်ရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၇။ | ဦးမောင်မောင်စိန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၈။ | ဦးသောင်းစိန်နှင့်ဇနီး ဒေါ်ကြည်သန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၉။ | ဦးကျော်ညွန့်နှင့်ဇနီး ဒေါ်တင်မျိုးဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၅၀။ | ဦးလှဝင်းနှင့်ဇနီး ဒေါ်စန်းရည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၅၁။ | ဦးစန်းဌေးနှင့်ဇနီး ဒေါ်သီတာလွင်၊ (သမီး)မအိမြတ်ရွှေစင် (သား)မောင်ကောင်းမြတ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၅၂။ | ဦးလှကြည်နှင့်ဇနီး ဒေါ်အေးနုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၅၃။ | ဒေါ်လှစန်းကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၅၄။ | ဦးကျော်စွာဝင်းနှင့်ဇနီး ဒေါ်ဌေးဌေးမော်၊ (သမီး)မဆုလဲ့ရည်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၅၅။ | ကွယ်လွန်သူဒေါ်သန်းဝင်းအားရည်စူး၍ ဦးမောင်ရင်မိသားစုကောင်းမှု | ၈၀၀၀၀ |
| ၁၀၂၅၆။ | ဒေါ်တင်ဝင်းမာမိသားစုကောင်းမှု | ၇၀၀၀၀ |
| ၁၀၂၅၇။ | ဦးသန်းစိုးနှင့်ဇနီး ဒေါ်ဝင်းဝင်းဌေးမိသားစုကောင်းမှု | ၅၅၅၀၀ |
| ၁၀၂၅၈။ | ဦးစိုးတင့်နှင့်ဇနီး ဒေါ်ခင်ခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၅၉။ | ဦးမြသိန်းနှင့်ဇနီး ဒေါ်လှငြိမ်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၀။ | ဦးအောင်ကြည်နှင့်ဇနီး ဒေါ်တင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၁။ | ဦးကြည်ငြိမ်းနှင့်ဇနီး ဒေါ်ညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၂။ | ဦးထွန်းထွန်းအောင်နှင့်ဇနီး ဒေါ်ခင်ဆွေလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၃။ | ဦးအောင်စိုးနှင့်ဇနီး ဒေါ်အေးအေးမြင့်၊ (သား)မောင်မျိုးမင်းအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၄။ | ဦးရဲထွဋ်ဦးနှင့်ဇနီး ဒေါ်မြတ်မြတ်သူ၊ (သား)မောင်ဖွဲ့မြတ်အောင်၊ (သမီး)မသွန်းစုဝတီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၅။ | ကိုသောင်းထိုက်စံနှင့်ဇနီး မဝတီလှိုင်းအိ၊ (သား)မောင်ရှင်းခန့်တည်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၆။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်ထွေးရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၇။ | ဦးရဲတင်နှင့်ဇနီး ဒေါ်ချိုဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၈။ | တပ်ကြပ်ကြီးမျိုးလွင်နှင့်ဇနီး ဒေါ်အေးအေးမာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၉။ | ဦးစဝ်ခွန်စံအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၀။ | ဦးမောင်အုံးနှင့်ဇနီး ဒေါ်သောင်းမြင့်၊ သား၊ သမီး၊ မြေး၊ မြစ် တစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၁။ | ဦးကျော်စွာဦးနှင့်ဇနီး ဒေါ်ကေသီခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၂။ | ဦးမျိုးလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၃။ | ကိုရဲဝင်းထွဋ်နှင့်ဇနီး မယဉ်မင်းဖြိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၄။ | ဦးဝင်းဘိုနှင့်ဇနီး ဒေါ်ဥမ္မာအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၅။ | မလီလီမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၆။ | ဦးစိုးနိုင်ဦးနှင့်ဇနီး ဒေါ်တင်တင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၇။ | ကွယ်လွန်သူကိုဝင်းနိုင်အားရည်စူး၍ ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ငယ်နီမျိုး၊ (သား)မောင်ကျော်ဇင်ဟိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၈။ | ဒေါ်နန်းနီနီဦး၊ (သမီး)မနန်းရတီရွှန်းလက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၉။ | ကိုအောင်မိုးဝင်းနှင့်ဇနီး မသဇင်ဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၀။ | ဦးဝင်းတင့်ထူးနိုင်နှင့်ဇနီး ဒေါ်အိဖြူခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၁။ | ဦးကျော်ကျော်ဦးနှင့်ဇနီး ဒေါ်မေသဥ္ဇာနွယ်၊ (သား)မောင်အောင်ဖုန်းခန့်ကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၂။ | ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၃။ | ဦးဇော်မြင့်အောင်နှင့်ဇနီး ဒေါ်တူးတူးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၄။ | ဦးနေဝန်းနှင့်ဇနီး ဒေါ်ဆွေသင်းလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၅။ | ဒေါ်စောညွန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၆။ | ကိုဝင်းနိုင်နှင့်ဇနီး မဌေးဌေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၇။ | ဦးစိုးမြင့်နှင့်ဇနီး ဒေါ်စန်းနွဲ့၊ (သား)မောင်အာကာထက်နှင့်ဇနီး မအေးမြတ်နိုင်၊(မြေး)မောင်မင်းထက်မြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၈။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးဇော်လင်းနှင့်ဇနီး ဒေါ်ဝင်းဝင်းမာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၉။ | ကိုမျိုးသိန်းနှင့်ဇနီး မချိုချိုအေးမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

သစ်တောမှန်လျှင်
အသုံးဝင်
အစဉ်ထာဝရ
ထိန်းသိမ်းကြ

**ပျောက်ဆုံးကြောင်း**

ပျဉ်းမနားမြို့၊ ပြည်တောင်ကိုး၊ နန်းလွင်ဆန်း၊ အိမ်အမှတ်(၃၄)နေ ဝင်းဌေးဦး(ဘ)ဦးသန်းဌေး ၁၀/ကထန(နိုင်)၁၁၉၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၂၈၅၃၄၄၀

**ပျောက်ဆုံးကြောင်း**

ဝန်းသိုမြို့နေ ဒေါ်တင်တင်(ဘ)ဦးအောင်ငြိမ်း ၅/ဝသန(နိုင်)၀၄၀၈၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 637037)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၆၀၃၉၁၁

**ပျောက်ဆုံးကြောင်း**

ဂန့်ဂေါမြို့နယ်နေ ဒေါ်မြင့်မြင့်ခိုင်(ဘ)ဦးစံလင်း ၈/ဂဂန(နိုင်)၁၅၆၁၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၇၁၄၁၁

**ပျောက်ဆုံးကြောင်း**

နမ့်မိုးရတနာပြည့်စုံဦး(ဘ)ဦးထွန်းဝင်း ၁၄/ပပတ(နိုင်)၂၆၈၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၀၆၄၀၇၉၅

**ပျောက်ဆုံးကြောင်း**

ကေသဝ(ဘ)ဦးသိုင်း ၁၂/မဂဒ(သ)၀၀၂၄၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၃၁၁၇၈၆၀

**ပျောက်ဆုံးကြောင်း**

မြင့်မြင့်နိုင်(ဘ)ဦးကျော်မြင့် ၁၂/သဃက(နိုင်)၁၄၀၉၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၃၁၁၃၇

## ❖ မြန်မာနိုင်ငံ၏ နိုင်ငံအရေးကို မြန်မာနိုင်ငံသားများကသာ ဆုံးဖြတ်ရမည်ဖြစ် . . .

(ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၅) တွင်ပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းနှင့် သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း

စာမျက်နှာ ၁၅ ကော်လံ ၅ ➲



## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး)ကလေး (၁)စီးကို ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက် နံနက် မင်္ဂလာ အချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။ စာမျက်နှာ ၁၅ ကော်လံ ၄ ❒

## The 38th Thai King's Cup ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်း ငွေတံဆိပ်တစ်ခုစတင်ဆွတ်ခူး

စာ – ၁၆ သို့

## အထူးမိုးလေဝသသတင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၂၃

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံ အရှေ့ပိုင်းနယ်စပ်ဒေသများကို ဖြတ်ကျော်နေသော လေဖိအားနည်းဆဲလ်၏ အရှိန်ကြောင့်လည်းကောင်း၊ ဇူလိုင်လ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညမှ ဇူလိုင်လ ၂၈ ရက် အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင် အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ

စာမျက်နှာ ၂၄ ကော်လံ ၁ ●

